
စိတ်ကူးချိုချိုအနုပညာ

# မောင်သိန်းဆိုင်

# ချစ်သောလယ်လယ်



မြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com




ယခုတော့လည်း လယ်လယ်သည်
တကယ်တမ်း ချစ်အပ် မြတ်နိုးအပ်သော
မိန်းကလေးတစ်ယောက်ဖြစ်သည်
ဆိုခြင်းကို သိရပြီ။

fic0039
1800.00 Ks

mgyoe.com

ချစ်သောလယ်လယ်၊ မောင်သိန်းဆိုင်
မျက်နှာဖုံးပန်းချီ - ညီညီ၊ စာမျက်နှာ ၂၂၈ မျက်နှာ၊ ၁၂•၈ စင်တီ× ၁၈•၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ အောက်တိုဘာလ၊ ပြန်လည်ရိုက်နှိပ်ခြင်း အုပ်ရေ ၅၀၀၊
၁၉၇၁ အပေါင်းလက္ခဏာစာပေ၏ ပထမအကြိမ်မူ။

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ချစ်သောလယ်လယ်

## မောင်သိန်းဆိုင်

ပြန်လည်ရိုက်နှိပ်ခြင်း၊ ၂၀၀၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ကျွန်တော်နှင့်လယ်လယ်
## [ဇာတ်လမ်းအကျဉ်း]

ထုတ်ဝေသူနှင့် ပုံနှိပ်တိုက်ပိုင်ရှင် ဦးလင်းအောင်၏ စေခိုင်းချက်အရ စာရေးဆရာညီညီသည် လယ်လယ်တို့လူသိုက်ကို လေယာဉ်ဆိပ်သို့ သွားရောက်ကြိုဆိုရသည်။ လယ်လယ်တို့လူသိုက်သည် လွတ်လပ်ပွင့်လင်းကြသည်။ ရယ်မော ရွှင်ပျနေတတ်ကြသည်။

တင်မင်းရီကို လယ်လယ်အဖြစ်နှင့် မိတ်ဆက်ပေးသည်။ တင်မင်းရီက အရုပ်ဆိုးအကျည်းတန်သည်။ လယ်လယ်က လှပချောမောသည်။

သည်အကြောင်းကို နောက်မှ ညီညီ သိရသည်။

သံရုံးဧည့်ခံပွဲတစ်ခုဝယ် ညီညီသည် မေသင်းအောင်နှင့် ပြန်လည်ဆုံတွေ့ရလေသည်။ ညီညီနှင့် မေသင်းအောင်တို့သည် ငယ်သူငယ်ချင်းများဖြစ်ကြသည်။ သို့ရာတွင် မေသင်းအောင်သည် ညီညီအပေါ် အထင်ကြီးလေ့မရှိ။ ငယ်စဉ်က ဂျပိုးတေလေဆန်ဆန်နေထိုင်မှုကြောင့် အထင်သေးခဲ့သည်။ စင်စစ် ငယ်စဉ်ကပင် သူတို့ချင်း သဟဇာတမျှလှသည် မဟုတ်။ မေသင်းအောင်၏ မောင်ဖြစ်သူ ကျော်ဝင်းအောင်နှင့် ညီညီတို့

mgyoe.com

mgyoe.com


သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ပေါင်းဖက် တွေ့ခဲ့ကြသောကြောင့် မလွဲမကင်းသာ ဆက်ဆံခဲ့ရခြင်း ဖြစ်သည်။

ဆယ်နှစ်နီးပါး ကွဲကွာနေကြပြီး လွန်ခဲ့သော နှစ်နှစ်ခန့်က တစ်ကြိမ်၊ ယခုတစ်ကြိမ် ပြန်လည်ဆုံတွေ့မိကြသည်။ ယခုတစ်ကြိမ် ဆုံမိရာတွင် မေသင်းအောင်က ညီညီအား ထုံးစံအတိုင်း အထင်သေးစွာ ဆက်ဆံသည်။ ညီညီကလည်း ဤသည်ကို ခံပြင်းသည်။ ထိုကြောင့် မေသင်းအောင်၏ လက်ကိုဆုပ်ကိုင်ပြီး လွှတ်မပေးဘဲ နေခဲ့သည်။ မေသင်းအောင်က ညီညီလက်ကို လက်သည်းဖြင့် သွေးစို့လာသည်အထိ ဆိတ်သည်။ အခြေအနေ တင်းမာခဲ့ကြသည်။

မေသင်းအောင်နှင့် ဒုတိယအကြိမ်ပြန်တွေ့သည်။ ဗိုလ်ချုပ်ဈေးမှာ ဖြစ်သည်။ မေသင်းအောင်၏လက်ပွေ့အိတ် ခါးပိုက်နှိုက်ခံရသည်။ မော်တော်ကားသော့ ပါသွားသည်။ ညီညီက ဝါယာကြိုးနှစ်ချောင်းပူး ချည်ကာ ကားစက်နှိုးပေးခြင်းဖြင့် ကူညီသည်။ သို့ဖြင့် မေသင်းအောင် သည် ညီညီနှင့် ပြေလည်စပြုသည်။

လယ်လယ်က ညီညီထံ မကြာခဏဖုန်းဆက်သည်။ ရုပ်ရှင်လိုက် ကြည့်ဖို့၊ အစားအသောက်တစ်ခုခုစားဖို့ ပူဆာတတ်သည်။ လယ်လယ် သည် ညီညီ၏စာဖတ်ပရိသတ်တစ်ယောက်။ အသက် ဆယ့်သုံးနှစ် အရွယ်၊ ငါးတန်းကျောင်းသူဘဝကတည်းက တိတ်တခိုး မြတ်နိုးခင်မင် နေခဲ့သူ။

မေသင်းအောင်နှင့် ရင်းရင်းနှီးနှီးဆက်ဆံရသောအခါ သူမမှာ ပြဿနာများစွာရှိနေကြောင်း ညီညီ သိလာရသည်။ ယခုတလောတွင် မေသင်းအောင် စိတ်လေနေသည်။ ရုပ်ရှင်ကြည့်ကာ တစ်ဝက်တစ်ပျက် နှင့် ထွက်ချင်ထွက်လာတတ်သည်။ တစ်နေကုန်အောင် အချိန်ဖြုန်းနေ တတ်သည်။ သို့ဖြင့် ရုပ်ရှင်ရုံများနှင့် နီးကပ်သော ညီညီ၏အိမ်သို့မကြာ

mgyoe.com

ခဏာ ရောက်လာတတ်သည်။ ညီညီသည် မေသင်းအောင်အပေါ် တွယ်တာစွဲလမ်းစပြုလာသည်။

မေသင်းအောင်၏အစ်မ မေနှင်းအောင်သည် လွန်ခဲ့သော နှစ်နှစ်ခန့်က မော်တော်ကားမှောက်၍ သေဆုံးခဲ့သည်။ ဤသည်ကို မယုံကြည်နိုင်သူတစ်ယောက် ရှိသည်။ သူက တင့်ဝေ။ တင့်ဝေသည် မေနှင်းအောင်နှင့် မရှင်းလင်းကြ။ မေနှင်းအောင်၏ခင်ပွန်း ဒေါက်တာ မြတ်ထိုက်နိုင်ငံခြားသို့ရောက်နေစဉ်တွင် တင့်ဝေနှင့် မေနှင်းအောင်တို့ ဖောက်ပြားခဲ့ကြသည်။ ဤသည်ကို ဒေါက်တာ မြတ်ထိုက် ရိပ်မိသွားကာ သူ့ဇနီး မေနှင်းအောင်ကို သတ်ဖြတ်ခဲ့ခြင်းဖြစ်မည်။ မော်တော်ကား မှောက်၍ သေဆုံးသည့်အနေနှင့် လုပ်ထားခဲ့သည်ဟု တင့်ဝေက စွပ်စွဲသည်။ မေသင်းအောင်သည် အစ်မနှင့်ခဲအိုတို့အတွက် စိတ်အနှောင့်အယှက်ဖြစ်နေသည်ဟု ညီညီ ထင်သည်။ မေသင်းအောင်သည် မန္တလေးတက္ကသိုလ်သို့ အလုပ်ပြောင်းရွှေ့ရန်စီစဉ်နေသည်။

သည်ရက်အတွင်း ညီညီသည် မေသင်းအောင်အပေါ် ပွင့်လင်းလာသည်။ ချစ်ကြောင်း ဖွင့်ပြောမိသည်။ ညီညီအပေါ် ထိုက်သင့်သလောက် သံယောဇဉ်ဖြစ်ခဲ့မိသော မေသင်းအောင်သည် ညီညီ၏အချစ်ကို ငြင်းပယ်ခြင်း မပြုနိုင်ခဲ့။ သို့ဖြင့် ညီညီ၏အိမ်ခန်းကလေးမှာ သူတို့နှစ်ယောက်အတွက် ချစ်တင်းနှီးနှောရာ၊ ရယ်မောပျော်ရွှင်ရာဖြစ်ခဲ့သည်။

လယ်လယ်၏အစ်မဖြစ်သူ နွယ်နွယ် သားဦးမွေးသည်။ သူမက ကလောမြို့မှာ နေထိုင်သည်။ လယ်လယ်သည် မိခင်ဖြစ်သူနှင့်အတူ ကလောသို့သွားရသည်။ ကလောမှနေ၍ ညီညီထံ မပြတ်စာရေးနေသည်။

မေသင်းအောင်နှင့် ညီညီတို့အကြားမှာ ပြဿနာဖြစ်သည်။ သူတို့သည် လက်ထပ်ကြအံ့ဆဲဆဲ အခြေအနေမှာ ရှိကြသည်။ သည်မှာ

mgyoe.com

mgyoe.com


မေသင်းအောင်နှင့် ဒေါက်တာမြတ်ထိုက်တို့ မရှင်းခဲ့ကြသည့်အကြောင်း၊ မှားယွင်းခဲ့ကြသည့်အကြောင်း ပြောပြခဲ့ခြင်း ဖြစ်သည်။

မေသင်းအောင်၏အစ်မ မေနှင်းအောင်ရှိစဉ်က အမွေမခွဲဖြစ်ကြ။ ဒေါက်တာမြတ်ထိုက်တို့ကပင် ထိန်းသိမ်းထားခဲ့သည်။ အမွေများကိုလည်း ခွဲစိတ်ခြင်းမပြုခဲ့ကြရလေအောင် မေနှင်းအောင်နှင့်ပတ်သက်၍ စိတ်ဝေဒနာခံစားနေရသော ဒေါက်တာမြတ်ထိုက်အပေါ် သက်ညှာရာလည်း ကျလေအောင် မေသင်းအောင်က ဒေါက်တာမြတ်ထိုက်ကို လက်ထပ်လိုစိတ်ဖြစ်ခဲ့သည်။ သို့ရာတွင် တကယ်တမ်း ချစ်မြတ်နိုးခြင်း မရှိခဲ့လေသောကြောင့် နောက်ပိုင်း၌ ခပ်ဖယ်ဖယ်နေခဲ့သည်။ မန္တလေးသို့ သွားရောက်နေထိုင်ရန် စိတ်ကူးပေါ်ခဲ့ခြင်းဖြစ်သည်။ သည်အတွင်း ညီညီနှင့်ဆုံခဲ့ရခြင်း ဖြစ်သည်။

ညီညီသည် မေသင်းအောင်နှင့်ပတ်သက်၍ ခံပြင်းသည်။ နာကျည်းသည်။ ဆောက်တည်ရာမရအောင် ဖြစ်ရသည်။ မည်သို့ဆိုစေ သူချစ်ရသည့်သူကို အပြစ်ကင်းစင်ကာ သန့်ရှင်းစေလိုခဲ့သည် အမှန်ပင်။

သည်အတွင်း တင့်ဝေနှင့် ဆုံမိကာမှ ပိုဆိုးတော့သည်။ တွေ့ရသည်က အရက်ဆိုင်။ တင့်ဝေက မေနှင်းအောင်ကို ဒေါက်တာမြတ်ထိုက်သတ်ပစ်ခဲ့သည်ဟု ယုံကြည်ဆဲ၊ မေနှင်းအောင်နှင့် ဒေါက်တာ မြတ်ထိုက်တို့ မရှင်းခဲ့သည့်အဖြစ်ကို သူသိနေသည်။ ညီညီနှင့် တင့်ဝေတို့ ကတောက်ကဆ ဖြစ်ကြရသည်။

ညီညီ၏စိတ်မတည်ငြိမ်တော့။ ဆောက်တည်ရာ မရတော့။

သို့ဖြင့် လူမှန်းမသိလောက်အောင် မူးဝေသောအနေအထားဖြင့် သားရေအိတ်တစ်အိတ်။ အရက်ပုလင်းတစ်လုံးနှင့်အတူ ညီညီကို မီးရထားတွဲတစ်တွဲပေါ်၌ မြင်ရလေသည်။

ညီညီသည် ရည်ရွယ်ချက်မရှိဘဲ တောင်ကြီးမြို့သို့ ရောက်ရသည်။

mgyoe.com

သည်မှာ ကလောမှာနေ၍ တောင်ကြီးသို့ အလည်အပတ်ရောက်နေသော လယ်လယ်ကို ညဈေးတန်း၌ ဆုံတွေ့ရသည်။ နောက်တစ်နေ့ကျတော့ မြို့အနှံ့လည်ကြသည်။ လယ်လယ်က ညီညီကို ကလောသို့ လိုက်ခဲ့စေလိုသည်။ မည်သို့ဆိုစေ လယ်လယ်နှင့်ဆုံရသည့်အခါ မေသင်းအောင်နှင့်ပတ်သက်၍ နာကျည်းဆွေးမြည့်ရခြင်းတို့ ပျောက်ကွယ်လွင့်ပျက်ရသည်အမှန်ပင်။

တောင်ကြီးမှသည် ကလောသို့ဆင်းလာရာလမ်းတွင် လယ်လယ်၏နောက်သို့ အရိပ်သဖွယ်လိုက်ပါနေကြသော လူရွယ်တစ်သိုက်၏ နှောင့်ယှက်ခြင်းကို ခံရသည်။ အောင်ပန်း၌ လယ်လယ်တို့ ကားပြောင်းစီးရန် ကြိုးစားသည်။ မိုးသည်းစွာ ရွာသွန်းခဲ့ပြီး ညနေစောင်းခဲ့ပြီဖြစ်၍ ကားကြုံမရ။ အောင်ပန်းရှိ ညီညီ၏မိတ်ဆွေ ကိုကျော်မြင့်တင်၏ ဓာတ်ပုံဆိုင်မှာ ညအိပ်ရသည်။

ကျပ်တည်းကျဉ်းမြောင်းသော ဓာတ်ပုံ စတူဒီယိုခန်းဝယ် အလွန်ချမ်းအေးသောဒဏ်ကို ခံစားရင်း တည်းခိုကြရသည်။ သည်မှာ စကားစမိကြလေတော့ လယ်လယ်နှင့်ညီညီတို့ တစ်ယောက်အပေါ် တစ်ယောက် သံယောဇဉ်ဖြစ်ဖွယ် စကားတို့ကို ဆိုမိကြသည်။ ချစ်မြတ်နိုးမိကြသည့်အဖြစ်ကို ပြောဖြစ်ကြသည်။

နောက်တစ်နေ့ ကလောသို့ရောက်ကြသည်။ လယ်လယ်က အစ်မ ဖြစ်သူအိမ်သို့သွားသည်။ ညီညီသည် အိမ်တစ်အိမ်ငှားသည်။ သူ့မိတ်ဆွေ၏အိမ်ပင်၊ ထိုသူ့ထံမှပင် မော်တော်ဆိုင်ကယ်ငှားကာ ပင်းတယ၊ အင်းလေးတို့သို့ လယ်လယ်နှင့်အတူ လည်ပတ်ကြသည်။ ကလောမှာရှိကြစဉ် ခုနစ်ရက်တာမျှသော အချိန်ကာလတို့မှာ သူတို့အတွက် ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ ရက်များဖြစ်ခဲ့သည်။ တိတ်တခိုးတွေ့ဆုံခဲ့ကြသည်။

mgyoe.com

 mgyoe.com 

ခုနစ်ရက်ပြည့်သောညက ကလောမြို့ဝယ် စားသောက်ဆိုင်မှ တည်းခိုအိမ်သို့ပြန်အလာ လမ်းမှာ မော်တော်ဆိုင်ကယ်မှောက်သည်။ လယ်လယ် ဒဏ်ရာရသည်။ ဆရာဝန်ခေါ်ရသည်။ ထိုညက ညီညီသည် လယ်လယ့်အားစောင့်ရှောက်ရင်း လယ်လယ့်ဘေးမှာပင် အိပ်ပျော်သွားသည်။ နံနက်လင်းသောအခါ လယ်လယ့်အား အိမ်တွင် မတွေ့ရတော့။ လယ်လယ့်ကို ခေါ်သွားဟန်တူသော နွယ်နွယ်ယောကျ်ား၏မော်တော်ကားကိုသာ မြင်လိုက်ရသည်။

လယ်လယ်၏အစ်မအိမ်သို့ ရောက်သည်။ လယ်လယ့်ကို မတွေ့ရ။ လယ်လယ်ကလောမှာ မရှိတော့။ ရန်ကုန်သို့ ပြန်လည်ခေါ်ဆောင်သွားပြီဟုသာ ထင်ရသည်။

သို့ဖြင့်–

ညီညီကို လူမှန်းမသိလောက်အောင် မူးယစ်ရီဝေသော အနေအထား၊ သားရေအိတ်တစ်လုံး၊ အရက်တစ်ပုလင်းနှင့်အတူ ကလောမှသည် သာစည်သို့ဆင်းလာသော မီးရထားတွဲတစ်တွဲပေါ်၌ ပြန်လည်တွေ့ရှိရပြန်လေသည်။

*

mgyoe.com

mgyoe.com

# [ ၁ ]

သည်မြေသို့ ပြန်လည်ခြေချမိပြန်သည်။

သည်မြေမှလေသည် လတ်ဆတ်ခြင်းမရှိ၊ သန့်ရှင်းခြင်းမရှိ။ မီးခိုးနံ့နှင့် ဓာတ်ဆီညှော်နံ့ ရောပြွမ်းနေတတ်သည်။ သည်မြေ၏ အသွင်အပြင်ကလည်း စိမ်းလန်းခြင်းမရှိ၊ စိုပြည်ခြင်းမရှိ။ တိုက်တာအိမ်ခြေတို့ဖြင့် ကျပ်ညပ်နေသည်။ လူသူမော်တော်ယာဉ်စသည်တို့ဖြင့် အစဉ်လိုရှုပ်ထွေးနေတတ်သည်။

လတ်ဆတ်သန့်ရှင်းသော၊ ထင်းရှူးနှင့် ယူကလစ်နံ့သင်းသောလေကို ရှူရှိုက်ခဲ့ရာမှ မီးခိုးနံ့ ဓာတ်ဆီညှော်နံ့ ပြွမ်းသောလေကို ရှူရှိုက်ရသည့်အခါ စိတ်မှာ ကြည်လင်၍မလာပေ။ စိမ်းလန်းသော၊ သာယာသော တောတောင်ရေမြေ ရှုခင်းများကိုတွေ့ခဲ့ရရာမှ ရှုပ်ထွေးကျပ်ညပ်သော ရှုခင်းကို မြင်တွေ့ရသောအခါ ရင်မှာ ရွှင်ပျမလာပေ။ တိတ်ဆိတ်ငြိမ်သက်နေရာမှ ဆူညံကျယ်လောင်သော အသံဗလံများကို ကြားရသည့်အခါ ခေါင်းမှာ နောက်ကျုလာသည်။

စင်စစ် ရန်ကုန်မြေသို့ ပြန်လည်ခြေချမိခြင်းသည် ကျွန်တော့်အဖို့

mgyoe.com

နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေရာမှ ရုတ်တရက် လန့်ဖျပ်နိုးထလိုက်ရခြင်း ကဲ့သို့ ဖြစ်နေသည်။

ဘူတာမှ ထွက်လိုက်ပြီဆိုကတည်းကပင် ပျားပန်းခတ်မျှ လှုပ်ရှား နေသော ရှုခင်းကို တွေ့လိုက်ရသည်။ ဆူညံကျယ်လောင်သောအသံ များကို ကြားလိုက်ရသည်။ နေ့စဉ်နှင့်အမျှ ပွဲတော်တစ်ခုပမာ ကျိတ်ကျိတ် တိုးစည်ကားနေသော ရန်ကုန်မြို့၏အသွင်အပြင်ကို မြင်လိုက်ရသည်။

သို့ပေမယ့် သည်မြေသည် ကျွန်တော့်အဖို့ ရေကြည်ရာ မြက်နုရာ ဒေသ။ ကျွန်တော်၏ အသက်မွေးဝမ်းကျောင်း ရှိရာအရပ်။ သည်မြေမှ အဘယ်မျှဝေးကွာအောင် ပြေးမည်ပင်ဆိုစေ တစ်နေ့သောအခါ သည်မြေ သို့သာ ပြန်လည်ခြေချရသည်။

သည်မြေနှင့် ကင်းကွာနေရစဉ်က အဖြစ်များသည် ကျွန်တော့်အဖို့ အိပ်မက်နယ် ဖြစ်နေရသည်။ စိတ်အတွေး၌ တစ်ပတ်လည်လာသော အခါ ရင်မောဖွယ်ရာများ ဖြစ်နေရသည်။ ကုန်လွန်ခဲ့သော နေ့၊ ရက်၊ နာရီဟူသည် အစားပြန်မရစကောင်းဟု အဆိုရှိသည်။ မှန်ပါသည်။ ကုန်လွန်ခဲ့သော နေ့ရက် နာရီများသာမက ကုန်လွန်ခဲ့သော ဖြစ်ရပ်များ သည်လည်း အစားပြန်မရစကောင်း။

ဖြစ်နိုင်မည်ဆိုလျှင်တော့ ကျွန်တော်သည် မိမိကိုယ်မိမိ မေသင်း အောင်နှင့် အင်းလျားကန်ဟိုတယ်၌ ဆုံတွေ့ခြင်း မရှိခဲ့သေးသော အချိန် ကာလဆီသို့ ပြန်လည်ရောက်ရှိလိုက်ချင်သည်။ သို့မဟုတ် လယ်လယ်နှင့် အောင်ပန်း၌ ကြုံတွေ့ခြင်း မရှိခဲ့သေးသော နေ့ရက်များဆီသို့ ပြန်သွား လိုက်ချင်သည်။

ကျဉ်းကျပ်သော တိုက်ခန်းကလေးဝယ် အထီးကျန်ဆန်စွာ နေထိုင် ရင်း ရောင့်ရဲတင်းတိမ်စွာဖြင့် စာပေရေးသားနေခဲ့သော အတိတ်ဘဝသို့ ပြန်ချင်သည်။

mgyoe.com

ယင်းသို့ဆိုလျှင် သည်မြေသို့ ပြန်လည်ခြေချမိခြင်းအတွက် ကျွန်တော် စိတ်မှာ တစ်စုံတစ်ရာ စနောင့်စနင်း ရှိမိမည် မဟုတ်ပါပေ။ အခါတိုင်းကလို နေရာဒေသတစ်ခုသို့ သွားရောက်လေ့လာကာ ပြန်လာခဲ့ခြင်းမျိုးပင် ဖြစ်မည်။ စိတ်မှာ လွတ်လပ်ပေါ့ပါးနေမည်။ ကွဲကွာနေသော မိတ်ဆွေများနှင့် ပြန်လည်ဆုံတွေ့ရကာ ရယ်မောရွှင်ပျရှိရမည် အမှန်ပင်။

ယခုမူ ထိုသို့မဟုတ်။ ရင်မှာ နာကျင်နေသည်။ စိတ်မှာ စနိုးစနောင့် ဖြစ်နေရသည်။ သည်မြေသို့ ပြန်လည်ခြေချရသည်ကိုပင် မဝံ့မရဲရှိနေမိသည်။

သည်မှာ မေသင်းအောင်နှင့်သော်လည်းကောင်း၊ လယ်လယ်နှင့် သော်လည်းကောင်း ပြန်လည်ဆုံတွေ့ကြရမည်။ ကြမ္မာ၏ စေစားချက်ကို အဘယ်မျှအထိ ခါးစီး၍ ခံရဦးမည် မသိတတ်နိုင်။

မေသင်းအောင် ပြောခဲ့သလိုပင် ဖြစ်မည်။ စိတ်ညစ်၍ မြစ်ကမ်းနံဘေး သွားထိုင်ပါမှ ရေလယ်မှ သပွတ်အူတထွေးမျောလာသည် ဆိုခြင်းကဲ့သို့ပင် ဖြစ်မည်။ မေသင်းအောင်ကို ရှောင်လို၍ ရန်ကုန်က ထွက်လာပါမှ လယ်လယ်နှင့်အဖြစ်က ပေါ်လာပြန်သည်။ ငါးသည် ဆီပူထိုးခံရသည်။ ဆီပူမှ လွတ်မြောက်ရန် ဒယ်အိုးအတွင်းမှ ခုန်ထွက်သည်။ ထိုအခါ မီးကျီခဲထဲသို့ရောက်ရပြန်သည်ဟု ခိုင်းနှိုင်းသော် ရိုင်းအံ့မထင်မိပါပြီ။

မေသင်းအောင်အတွက် ရင်နာသည်။ လယ်လယ်အတွက် ရင်မောသည်။

သည်လိုနှင့်ပင် သောကကို ရင်ဝယ်ပိုက်ကာ သည်မြေသို့ ခြေချခဲ့ရသည်။

ရက်အတန်ကြာမျှ ကွဲကွာခဲ့ရသော မိမိ၏ တိုက်ခန်းကလေးသို့

mgyoe.com

ပြန်လည်ရောက်ရှိခဲ့ရသည်။ ဖုန်အလိမ်းလိမ်းတက်နေသည်ကို ရှင်းလင်းရသည်။ ကျွန်တော်မရှိခိုက် မင်းမူချင်တိုင်း မင်းမူနေသော ကိုရွှေကြွက်တို့ကို မောင်းရသည်။ နေရာတကာမှာ အိမ်ဖွဲ့ဆင်နေသော ပင့်ကူတို့ကို နှင်ရသည်။ စာအုပ်ပုံအကြားမှာ ကျင်လည်ကျက်စားကြသည့် ပိုးဟပ်တို့ကို သုတ်သင်ရသည်။

ပြီးလျှင်မှ ကုလားထိုင်တစ်လုံး၌ ခြေပစ်လက်ပစ် ထိုင်ချလိုက်မိပါသည်။

တစ်ကိုယ်လုံး နုံးနေသည်။ နွမ်းနယ်နေသည်။ အရက်မပြတ်သောက်ခဲ့သော အကျိုးဆက်အဖြစ် လေးလံထိုင်းမှိုင်းနေသည်။ မျက်စိအစုံကို မှေးမှိတ်ထားမိသည်။ လူက ငြိမ်သက်နေသော်လည်း စိတ်က မငြိမ်သက်နိုင်သေး။ မေသင်းအောင်ကို မြင်ယောင်သည်။ မေသင်းအောင်နှင့်ပတ်သက်၍ လွမ်းခဲ့၊ တမ်းတခဲ့ရသည်များကို အမှတ်ရသည်။ ပြီးလျှင်မှ စိတ်အတွေးသို့ လယ်လယ် ရောက်လာသည်။ လယ်လယ်နှင့်ပတ်သက်၍ ကြည်နူးရွှင်ပျခဲ့ရသည်များ နာကျင်ဆွေးမြည့်ခဲ့ရသည်များကို သတိရသည်။

နေရာဟောင်းသို့ကား ရောက်ခဲ့ပါပြီ။ သည်မှာ မောင်ပိုနှင့် ရွှေကျားပုံပြင်လို ဖြစ်ခဲ့လျှင်တော့ အကောင်းလေသား။ ကျားငစဉ်းလဲက ထောင်ချောက်သို့ဝင်၍ မောင်ပိုက ရွာသို့ဝင်ကာ ပညာရှိ ကိုရွှေယုန်က တောသို့ဝင်လေသတည်းဟု နိဂုံးချုပ်ခဲ့လေလျှင် အဘယ်မျှကောင်းလေမည် မသိ။ ယင်းသို့ဆိုလျှင် အစားပြန်မရနိုင်တော့သော အချိန်ကာလများကို အစားပြန်ရသည့်နှယ် ဖြစ်မည်။ ရင်မှာ နာကျင်ဆွေးမြည့်ရခြင်းတို့ လျော့ပါးမည်။

ဆုတောင်းဆိုသည်မျိုးကို ငယ်စဉ်ကပင် မယုံကြည်ပါ။ ဆုတောင်းတိုင်း ရနိုင်လိမ့်မည်ဟူသော ယုံကြည်မျှော်လင့်ချက်မျိုးကို မထားခဲ့မိပါ။ ယခုမူ ဆုကိုလည်းတောင်းမိပါသည်။ ဆုတောင်းသည့်အတိုင်း ပြည့်ပါ

mgyoe.com

စေဟု ဆုတောင်းမိပြန်သည်။ အရာခပ်သိမ်းသည် စင်းဖြောင့်ပြေလျော့ ပါစေဟု။

သို့သော် ဆုတောင်းနေစဉ်မှာပင် ဆုတောင်းကို ယုံကြည်ကိုးစား ခြင်းနည်းပါးနေမိပြန်သည်။ ဆုတောင်းဟူသည် အားနည်းပျော့ညံ့သူတို့ ၏စိတ်ဖြေရာဟု ထင်မိပြန်သည်။

နှလုံးသားရေးရာနှင့် စပ်လျဉ်းလာလျှင် စစ်နိုင်ဘုရင် ဂျူးလီးယက် ဆီဇာသည်လည်း ပျော့ညံ့ပါသည်။ ဗလငါးတန်နှင့် ပြည့်ဝသော သတိုး မင်းစောသည်လည်း ပျော့ညံ့ခဲ့ပါသည်။

ကျွန်တော်သည်ကား သာမန်လူသားတစ်ဦးမျှသာတည်း။

ရောက်စရက်များ၌ ကျွန်တော်သည် နေရာဟောင်းသို့ ပြန်ပြောင်း ရောက်ရှိလာသူတစ်ယောက်အဖြစ် မိမိကိုယ်ကို ဖြေသိမ့်သည်။ မေသင်း အောင်နှင့် မဆုံသေးစဉ်ကကဲ့သို့၊ လယ်လယ်နှင့် မကြုံသေးစဉ်သကဲ့သို့ ကျင့်ကြည့်သည်။ မပြီးသေးသော ဝတ္ထုကိုဆက်ရေးသည်။ ပုံနှိပ်တိုက်သို့ သွားကာ ရေးပြီးသမျှစာမူကို ပေးသည်။

သည်မှာ လှလှအေးသည် ကျွန်တော့်ကို တအံ့တသြ ကြိုဆိုသည်။

'အော၊ ကိုညီညီ။ ရှင်ဒီဗ္ဗနွှရာကြီးမှာ အသက်ထင်ရှားရှိနေသေး ဆဲကိုး' သူမက မှတ်ချက်ချသည်။ 'အေးတို့က ကိုညီညီ ရုတ်တရက် ပျောက်သွားတော့ တစ်စုံတစ်ခုဖြစ်ပြီလားလို့။ ရဲဌာနတွေ ဘာတွေတိုင်ပြီး သတင်းစာမှာ လူပျောက်ကြော်ငြာရတော့မလားလို့'

'အဲဒါတွေ တစ်ခုမှမလုပ်ဖြစ်တာ ဝမ်းသာပါတယ် အေး'

နောက်တော့ ဦးလင်းအောင်နှင့် ဆုံရသည်။

'ကိုယ့်ကို စိတ်ဆိုးနေတုန်းပဲလား' မေးဖော်ရသည်။ 'ကိုယ်ပြောခဲ့ တဲ့ စကားအတွက် စိတ်ကောက်ပြီး ထွက်သွားတာတော့ မဟုတ်တန် ကောင်းပါဘူးနော်' ဆိုသည်။

mgyoe.com

 mgyoe.com 

'ကျွန်တော်ခရီးထွက်သွားတာ ခင်ဗျားနဲ့ ဘာတစ်ခုမှ မပတ်သက်ပါဘူး ဦးလင်းအောင်'

'အဲလိုဆိုရင်တော့ ဝမ်းသာပါတယ်ညီညီ။ တကယ်တမ်းကျတော့ ကိုယ်မောင်ရင့်ကို ပြောခဲ့တာတွေဟာ စေတနာပါ။ မောင်ရင် စာရေးဖြစ်စေချင်လို့ပါ။ အနုပညာသမားတစ်ယောက်ဟာ ဘယ်လောက်ပဲတော်နေနေ၊ အနုပညာဓာတ်ခံ ဘယ်လောက်ပဲကောင်းနေနေ၊ အနုပညာပစ္စည်း ဖန်တီးထုတ်လုပ်မှုမရှိရင် ကျဆုံးရတာ ဓမ္မတာဘဲ ညီညီ။ ပျံ့နေအောင်ကောင်းတဲ့ ရုပ်ရှင်မင်းသမီးတစ်ယောက်ဆိုပါစို့။ ရုပ်ရှင်ကားတကားမှ မရိုက်ရင် သူရဲ့နာမည်ဟာ လူတွေရဲ့ပါးစပ်ဖျားက ကင်းကွာသွားမှာ အမှန်ပဲ နာမည်တက်ခိုက်၊ ရတုန်းရခိုက် အားစိုက်ခွန်စိုက်ရေးထားဖို့ကောင်းတယ်'

သူနှင့်အငြင်းမပွားချင်ပါ။ သူ့စကားကိုဖြေရှင်းရန် မကြိုးစားချင်ပါ။ ခပ်မဆိတ်နေခြင်းသည် အကောင်းဖြစ်မည် ထင်သည်။ ဤသည်မှာလည်း အကြောင်းရှိသည်။ သူ၏စကားသည် ထိုက်သင့်သလောက်မှန်ကန်ခြင်းရှိသည်။ မိမိကိုယ်၌ကလည်း မိမိခံစားချက်နှင့် မိမိပင်ဖြစ်သည်။ သူကလည်း သူ့ခံစားချက်နှင့် သူဖြစ်ပေလိမ့်မည်။

သို့ရာတွင် အငြင်းမပွားချင်သည့်ကြားမှ စကားတစ်ခွန်းကိုကား ဆိုခဲ့မိသည်။

'ဒါပေမယ့် ရုပ်ရှင်ကားတွေ ရိုက်ပါများတိုင်းလည်း အဲဒီမင်းသမီးဟာ ပရိသတ်ရဲ့နှုတ်ဖျားမှာ ရေပန်းစား မနေတတ်ပါဘူး ဦးလင်းအောင်'

ကျွန်တော်၏စကားကြောင့် ဦးလင်းအောင်သည် ကျွန်တော့်မျက်နှာကို စူးစူးစိုက်စိုက်ကြည့်လာသည်။

'မောင်ရင် ဘာကိုဆိုလိုတာလဲ' မေးသည်။

ကျွန်တော့်တွင် ပြောစရာစကားများစွာ ရှိလာရသည်။

mgyoe.com

mgyoe.com

'အနုပညာသမားဆိုတာ ဖန်တီးမှုများတိုင်းလည်း မကောင်းဘူးလို့ ဆိုလိုတာပါ။ အရေအတွက်နဲ့ အရည်အချင်းဆိုတာ တခြားစီပါလို့ ပြောတာပါ။ ဆိုပါတော့ဗျာ။ အခုလောလောဆယ်မှာ ကျွန်တော်ဟာ စာမရေးနိုင်လောက်အောင် စာမရေးချင်လောက်အောင် ကိုယ်ရေးကိုယ်တာ ကိစ္စတွေရှိနေတယ်ဆိုပါစို့။ ဒီကြားထဲက ဖြစ်ညှစ်ရေးရင်တော့ တစ်ပုဒ်တလေ ထွက်လာမှာသေချာတယ်။ ဒါပေမယ့် အဲဒီလိုထွက်လာတဲ့ စာတစ်ပုဒ်ဟာ ကောင်းမကောင်းလို့ တာဝန်မခံနိုင်ဘူး။ အဖြစ်နိုင်ဆုံးက ညံ့မှာသေချာတယ်။ ဒီတော့ အညံ့စားကို အရေအတွက်အနေနဲ့ ရေးမယ့်အစား မရေးဘဲနေလိုက်တာက ပိုမကောင်းဘူးလား ဦးလင်းအောင်'

'ကိုယ်စောစောက ပြောသလို'

'ထားပါ၊ ခင်ဗျားပြောတာကို ကျွန်တော် သဘောပေါက်ပါတယ်။ ဒါပေမယ့် စာရေးဆရာ အပါအဝင် ဘယ်အနုပညာသမားမှ တန်ခိုးတော်ရှင်တွေ မဟုတ်ကြဘူး။ စေတလုံးပိုင်ရှင်တွေ မဟုတ်ကြဘူး။ ဉ်ဖွလို့ မန်းလိုက်ရုံနဲ့ အနုပညာပစ္စည်းတစ်ခုကောင်းကင်က ကျမလာဘူး။ အသည်းနှလုံးနဲ့ ဦးနှောက်က ဖန်တီးနေကြရတာချည်းပဲ။ ကျွန်တော်တို့တစ်တွေဟာလည်း ပုထုဇဉ်လူသားတွေပါ။ ကျွန်တော်တို့မှာ ကြေကွဲရတာတို့ နာကျည်းရတာတို့ ဆိုတာရှိတယ်။ စိတ်ဓာတ်တက်ကြွရတာတို့ ကျဆင်းရတာတို့ဆိုတာ ရှိတယ်။ ဒီတော့ စိတ်အစဉ်ကို ဘယ်လိုမှ ထိန်းချုပ်လို့မရတဲ့ကာလမှာ ဘာမှမလုပ်ဘဲ နေချင်နေမှာပဲ။ အဲဒီကြားက စိတ်မပါ လက်မပါနဲ့ အနုပညာပစ္စည်းတစ်ခု ဖန်တီးမယ်ဆိုရင် အဲဒီပစ္စည်းဟာ အရေအတွက်အားဖြင့် ကောင်းချင်ကောင်းပေလိမ့်မယ်။ အရည်အချင်းဘက်ကတော့ မညံ့ဘူးဆိုတောင် အကောင်းစားတော့ ဖြစ်လာလိမ့်မယ် မဟုတ်ဘူး ဦးလင်းအောင်'

'ခင်ဗျားရဲ့စကားနဲ့ စပ်ပြီးပြောမယ်။ ကျွန်တော်တို့ ငယ်စဉ်က

mgyoe.com

mgyoe.com

ဆိုပါတော့ဗျာ ဆယ့်သုံးနှစ်သားလောက်ကပေါ့။ ကျွန်တော်ဟာ နယ်မှာ နေတယ်။ တစ်နှစ်ကိုတစ်ခေါက်နှစ်ခေါက် ဆိုသလို၊ ရန်ကုန်ကို လာရတယ်။ အဲဒီတုန်းက အောင်မြင်ဆိုတဲ့ ရုပ်ရှင်မင်းသားဆိုပါတော့။ သူက သိပ်နာမည်ကြီးတယ်။ ရေပန်းစားတယ်။ ကျွန်တော် မှတ်မိသေးတယ်။ မီးရထားဘူတာရုံ စကြာလမ်းအတိုင်း လျှောက်လာပြီဆိုရင် ရုပ်ရှင်ရုံတွေမှာ သူ့ပုံတွေချည်း တွေ့ရတယ် ရုပ်ရှင်ရုံသုံးရုံဆိုရင် သုံးရုံစလုံးမှာ သူ့ပုံနဲ့ သူ့နာမည်ချည်း တွေ့ရတတ်တယ်။ အဲဒီအချိန်တုန်းက ရုပ်ရှင်ကားထဲမှာ သူဌေးသားဆိုလည်းသူ ဆင်းရဲသားဆိုလည်းသူ၊ ဝရမ်းပြေးဆိုလည်းသူ၊ ရဲအရာရှိဆိုလည်းသူ။ တစ်မိုးလုံးဖျောက်ဆိတ်ပဲ။ အဲဒီအချိန်မှာ သူ့အသက်ဟာ လေးဆယ်နားနီးနေပြီ။ ဒါပေမယ့် အသက် ဆယ့်ကိုးနှစ်အရွယ် ကောလိပ်ကျောင်းသားဆိုလည်း သူပဲ လုပ်ရတယ်။ လျှမ်းလျှမ်းတောက်နေတယ်ဆိုပါတော့။ ဒါပေမယ့် ဒီကနေ့ခေတ်ကျတော့ သူ့နာမည်ကိုသွားမေးရင် မသိတဲ့သူအများကြီး ဖြစ်နေတယ်။ ဒါဟာ ဘာကြောင့်လဲဆိုတော့ အနုပညာကိုဖန်တီးသင့်တဲ့ အတိုင်းအတာထက် လွန်ပြီးလုပ်လို့ပဲ။ ရတုန်းယူမတဲ့ဆိုတဲ့ ဆန္ဒနဲ့ကိုယ်နဲ့တော်၏ မတော်၏ မစဉ်းစားဘဲ တွေ့ကရာဇာတ်တွေ လက်ခံလို့ပဲ။ အသက်လေးဆယ်ကျော်အရွယ်က ဆယ့်ခုနစ်နှစ်သမီးနဲ့ သမီးရည်းစား စကားပြောခန်းမှာပါပြတော့ သဘာဝနဲ့ ကင်းလွတ်သွားတယ်။ အဲဒါနဲ့ တစ်ပြိုင်နက်ပရိသတ်က ပြောင်လျှောင်လာတယ်။ တစ်ဆက်တည်းမှာပဲ ကျဆုံးမှုရလဒ်ဟာ ကပ်လာပါတယ်'

ဦးလင်းအောင်သည် ကျွန်တော့်စကားကို ချေပခြင်းမရှိ။ သို့တိုင်အောင် ကျွန်တော့်အပေါ် စိတ်ပျက်လက်ပျက်ဖြစ်သော အရိပ်အသွင်များ သူ့မျက်နှာပေါ်မှာ ပေါ်လွင်နေသည်။

'ဒါပေမယ့် ဘာပဲပြောပြော ခင်ဗျားထုတ်မယ့် စာအုပ်အတွက် စာမူအပြီးထိ ကျွန်တော် ကြိုးစားရေးပေးမှာပါ ဦးလင်းအောင်'

mgyoe.com

စင်စစ် ဦးလင်းအောင်နှင့် ကျွန်တော်တို့သည် စတင်ခင်မင်ရင်းနှီးကတည်းက သည်သို့သော ခွန်းကြီးခွန်းငယ် မပြောခဲ့ရ။ သဟဇာတမမျှသည်ဟူ၍ မရှိခဲ့။ လူတကာက အံ့သြယူရလောက်အောင် တည့်ခဲ့ကြသည်။ ယခုတစ်ကြိမ်တွင်သာ အကျယ်အကျယ်မငြိမ်းဖွယ် ကိစ္စရပ်များပေါ်ပေါက်ခဲ့ရခြင်း ဖြစ်ပါသည်။ တစ်ယောက်ယောက်၏အမှားအယွင်းကြောင့် ဖြစ်ကောင်းဖြစ်မည်။ ကျွန်တော်ကိုယ်တိုင်၏ အမှားလည်းဖြစ်နိုင်သည်။ သူ၏အမှားလည်း ဖြစ်နိုင်သည်။ သို့မဟုတ် နှစ်ယောက်လုံး၏အမှားလည်း ဖြစ်နိုင်စကောင်းသည်။

ဦးလင်းအောင်ထံမှ ပြန်ခဲ့ရာတွင်လည်း စိတ်မှာမရှင်းလှ။ သူနှင့်ဆက်လက် အဆင်ပြေဖို့ ခဲယဉ်းသည်ဟု တွက်ဆမိသည်။ ထိုကြောင့်ပင် နောက်ရက်များ၌ သူ့ထံ အရောက်ပေါက်နည်းသည်။ မတွေ့ဖြစ်အောင် ကြိုးစားသည်။

သည်အတွင်း လှလှအေးသည် ကျွန်တော်ထံ ရောက်လာသည်။ ပထမအကြောင်းမှာ စာမူလာယူခြင်း ဖြစ်သည်။ ဒုတိယအကြောင်းက ကျွန်တော့်အတွက် စာတစ်စောင်ယူလာခဲ့ခြင်း ဖြစ်ပါသည်။

စာက လယ်လယ့်၏ စာ။

လှလှအေးက စာကိုပေးရင်း စကားဆိုသေးသည်။

'သူ ဖုန်းဆက်သေးတယ်။ ကြည့်ရတာ ခိုးကြောင် ခိုးဝှက်ဆက်ရသလိုပါပဲ။ အလောတကြီးပြောပြီး ဖုန်းပြန်ချသွားတယ်။ ကိုညီညီရန်ကုန်ပြန်ရောက်နေပြီလားလို့ မေးရုံလောက်ပါပဲ'

လှလှအေး၏ရှေ့တွင် စိတ်မဝင်စားသလို နေရသည်။ ဂရုမစိုက်သလို ဟန်ဆောင်ရသည်။ လယ်လယ်သည် တစ်နည်းမဟုတ် တစ်နည်းအနေဖြင့် ဦးလင်းအောင်နှင့် ပတ်သက်နေလေရာ လယ်လယ်နှင့်ကျွန်တော် အကြောင်းကို ဦးလင်းအောင် မသိရစေချင်။ မရိပ်မိစေချင်။

mgyoe.com

mgyoe.com

ရိပ်မိလာလေလျှင်လည်း သူနှင့် ကျွန်တော်တို့အကြားတွင် ပြဿနာပိုမို ကြီးထွားလာမည် အမှန်ပင်။

လှလှအေး ပြန်သွားလျှင်ကား ကျွန်တော်သည် လယ်လယ်၏ စာကို ကမန်းကတန်း ဖောက်မိသည်။ သိလိုစိတ် စောလှသည်။ ဖတ်လိုစိတ် ပြင်းပြလှသည်။ ယင်းစိတ်ဖြင့် ရင်ထဲမှာ လှုပ်ရှားနေသည်။ စာရွက်ပြာပြာကလေးပါ လိုက်လံလှုပ်ရှားလာရအောင် လက်မှာ တဆတ်ဆတ်တုန်နေသည်။

ဆရာ

လူအလစ်မှာ သည်စာကို ခိုးရေးရတယ်။ ရေးချင်တာတွေ များလွန်းလို့ ဘာကစပြီး ရေးရမယ်မှန်းတောင် မသိရလောက်အောင်ပဲ။

ဟုတ်ပြီဆရာ။ ပထမ လယ်လယ့်အကြောင်းကို ရေးပြမယ်။ လယ်လယ် အခု ရန်ကုန်ရောက်နေတယ်ဆိုတာတော့ ဆရာသိရရောပေါ့။ လယ်လယ် ဘယ်လိုနည်းနဲ့ ရန်ကုန်ကို ပြန်ရောက်လာရသလဲဆိုတာတော့ ဆရာသိချင်မှ သိပေလိမ့်မယ်။

မော်တော်ဆိုင်ကယ် မှောက်တဲ့ညကို မှတ်မိတယ် မဟုတ်လားဆရာ။ အဲဒီညက ဆရာဝန်ပေးတဲ့ အိပ်ဆေးကြောင့်ပဲ ထင်တယ်၊ နာကျင်မှုတွေကို မေ့လျော့ပြီး အိပ်ပျော်နေခဲ့တယ်။ အိပ်ရာကနိုးလာတော့ ဆရာ့ကို လယ်လယ့်ဘေးမှာ တွေ့ရတယ်။ ဆရာက ကြမ်းပြင်ပေါ်မှာပဲ လှဲအိပ်နေတယ်။ အေးလို့ထင်ပါရဲ့ ကွေးကွေးကလေး အိပ်နေတယ်။ အဲဒါကိုမြင်ရတော့ လယ်လယ်လေ ဆရာ့ကို သိပ်အားနာပြီး သနားသွားမိတယ် ဆရာ။

လယ်လယ်အိပ်ရာက နိုးလာချိန်မှာ မိုးလင်းနေပါပြီ။ ရောင်နီလာနေပါပြီ။ ဒဏ်ရာတွေကတော့ နာတုန်းပါပဲ။ ဒါပေမယ့် အိပ်ရလို့ထင်

mgyoe.com

တယ်။ အင်အားပြည့်ဝလာတယ်။ ခေါင်းမှာလည်း ကြည်လင်လာတယ်။ အဖြစ်အပျက်အားလုံးကို အမှတ်ရပြီး စိုးရိမ်စိတ်ပူလာတယ်။ မေမေနဲ့ မမတို့ လယ်လယ့်ကို ရှာဖွေနေကြမယ်လို့ ထင်တယ်။

ထင်တဲ့အတိုင်းပါပဲ။ သူတို့တစ်ညလုံး နေရာအနှံ့ရှာကြတယ်လို့ သိရတယ်။ လယ်လယ် ဆရာနဲ့အတူ ရှိနေတာကို ပြောပြတဲ့သူကတော့ ဆရာဝန် ဘရူးဝါးပဲပေါ့။ အမှန်တော့ သူဟာ မမနွယ်တို့ရဲ့လက်စွဲတော် ဆရာဝန်လည်းဖြစ်နေသေးတယ်။ ဒါပေမယ့် သူက ညကတည်းက သွားပြောဖို့တော့ ဝန်လေးမိတယ်နဲ့ တူပါတယ်။ မနက်စောစောကျမှ လမ်းလျှောက်ထွက်ရင်း လယ်လယ့်အကြောင်းကို ပြောပြခဲ့တယ်။

လယ်လယ်အိပ်ရာက နိုးစမှာပဲ ခြံဝမှာ ကားတစ်စီးဆိုက်လာတယ်။ လယ်လယ်ရဲ့ခဲအိုနဲ့ သူ့အပေါင်းအသင်းတစ်သိုက်ပါလာတယ်။ လယ်လယ့်ကို လာခေါ်တာပါပဲ။

ဆရာရယ်၊ ဒီတုန်းက ဆရာ့ကို လယ်လယ် နှိုးချင်ပါတယ်။ နှုတ်ဆက်ချင်ပါတယ်။ စိတ်ထဲမှာ အလိုလိုသိနေတယ် ဆရာ။ ကြာမြင့်စွာ ခွဲခွာနေရတော့မယ်ဆိုတာ သိနေတယ်။ ဒါကြောင့်လည်း နှုတ်ဆက်ခဲ့ချင်တာပါ။

ဆရာအိပ်ရေးပျက်လို့ အိပ်ရေးဝဝ အိပ်စေချင်တဲ့ ဆန္ဒကြောင့်လည်း မနှိုးဖြစ်ခဲ့ဘူး။ နောက်တစ်ခါ ဆရာသာအိပ်ရာက နိုးလာခဲ့ရင် လယ်လယ့် ခဲအိုနဲ့ ကတောက်ကဆဖြစ်ကြမှာ အမှန်ပဲ။ သူတို့တစ်တွေဟာ ဒေါသဖြစ်နေကြတယ်။ စိတ်ဆိုးနေကြတယ်။ ဆရာ့ကို တစ်စုံတစ်ခု လုပ်ပစ်ချင်ကြပုံရတယ်။ 'သူ့ဒဏ်ရာက သိပ်ပြင်းတယ်။ အိပ်ပါစေ' လို့ ပြောပြီး သူတို့နောက်ကို အေးအေးသက်သာ လိုက်ခဲ့ရပါတယ်။

ကျွန်တော်သည် စာဖတ်ခြင်းမှ နားလိုက်သည်။ အဝေးသို့ လှမ်းကြည့်မိသည်။ လယ်လယ်နှင့် ဆုံခဲ့ရသောညကို အမှတ်ရပါသည်။

mgyoe.com

 mgyoe.com 

သည်စဉ်က စိုးရိမ်စိတ်ပူခဲ့ရသည်များကို သတိရသည်။ လယ်လယ်၏ တွက်တတ်ပုံကလေးကို အသိအမှတ်ပြုမိသည်။ အကယ်၍ သည်စဉ်က လယ်လယ်သာ ကျွန်တော်ကို နှုတ်ခဲ့လေလျှင် အခြေအနေမှာ သည့်ထက် ရှုပ်ထွေးသွားနိုင်စရာ အကြောင်းရှိသည်။ သူတို့ကလည်း အကြည်အသာ ဆက်ဆံမည်မဟုတ်။ ကျွန်တော့်အနေနှင့်ကလည်း လယ်လယ်အား သူတို့လက်သို့ အလွယ်တကူ ထည့်ပေးလိုက်မိမည် မဟုတ်ချေ။

အိမ်ရောက်တော့ သူတို့က မေးခွန်းပေါင်း အထောင် အသောင်း မေးတော့တာပဲ။ တကယ့် တရားခံတစ်ယောက်ကို စစ်မေးကြသလို စစ်မေးကြတယ်။ ပြစ်မှုကြီးတစ်ခု ကျူးလွန်ထား သူတစ်ယောက်အဖြစ် တရားရုံးမှာ အမှုဆိုင်နေရသလိုပဲ။

သူတို့မေးသမျှ လယ်လယ် ဘူးကွယ်ခဲ့တယ်။ စွပ်စွဲသမျှ ငြင်းခဲ့တယ်။ အဲဒီတုန်းက သူတို့မှာ အထောက်အထား ခိုင်ခိုင် လုံလုံ မရှိကြသေးပါဘူး။ ဒါပေမယ့် တောင်ကြီးက အပြန်မှာတုန်း က လယ်လယ်တို့နောက်က လိုက်လာတဲ့ ချာတိတ်တစ်သိုက်ကို မှတ်မိတယ် မဟုတ်လား ဆရာ။ သူတို့ ရောက်လာကြတယ်။ သူတို့ဝင်လာတော့ ပြဿနာတွေ ရှုပ်ထွေးလာတယ်။ တောင်ကြီး က ဆင်းလာတဲ့နေ့မှာ ကလောကို ပြန်မရောက်တာတွေ၊ တစ်ည လုံးလုံး လူတစ်ယောက်နဲ့ အတူတူရှိနေတာတွေကို မေမေတို့ သိသွားကြတယ်။ အဲဒီမှာ ပွဲကြီးပွဲကောင်း တွေ့ရတော့တာပဲ ဆရာ။ မေမေဆိုတာ မရိုက်စဖူး အဲဒီနေ့က လယ်လယ့်ကို ရိုက်တယ်။ စိုးရိမ်တကြီးနဲ့ အမျိုးမျိုးစစ်ဆေးတယ်။ ဝန်ခံခိုင်းတယ်။ လယ်လယ် ကတော့ ခေါင်းမာမာနဲ့ ငြင်းမြဲပဲ။ ဆရာနဲ့ လယ်လယ်ဟာ သာမန် မိတ်ဆွေလို့ ပြောခဲ့တယ်။

တကယ်လို့ လယ်လယ်သာ ဝန်ခံလိုက်ရင် ဘယ်လိုဖြစ်

mgyoe.com

မယ် ထင်သလဲဟင်။ လယ်လယ်ဟာ မမနွယ်လို ကံကြမ္မာမျိုးနဲ့ တိုးမှာအမှန်ပဲဆရာ။ လယ်လယ် သိတယ်။ မေမေတို့ဟာ ဆရာနဲ့လယ်လယ်ကို ဘယ်လိုမှသဘောတူမှာ မဟုတ်ဘူးလို့ သိတယ်။

ဖေဖေ မေမေတို့လောကမှာ အနုပညာနဲ့ပတ်သက်တဲ့လူ တစ်ယောက်မှ မရှိခဲ့ဘူး။ အနုပညာကို စိတ်ဝင်စားသူ မရှိခဲ့ဘူး။ အားလုံးက စီးပွားရေးသမားချည်းပဲ။ ငွေကလွဲလို့ တခြားဘာကို မှတန်ဖိုးမထားတတ်ကြဘူး။

သည်စာပိုဒ်ကို ဖတ်ရလျှင်မူ စိတ်မှာနာကျည်းလာသလို ခံစားရသည်။ မည်သို့ပင်ဆိုစေ ကျွန်တော်နှင့် လယ်လယ်တို့၏ကံကြမ္မာမှာ ထင်သလောက် စင်းဖြောင့်ခြင်း မရှိပါကလားဟု အတွေးရောက်လာသည်။ ရှေ့တွင် ကြုံဆုံရမည့်ပြဿနာ တစ်ပုံတစ်ပင်ကြီး ရှိပါသေးကလားဟု အောက်မေ့သည်။

အဲဒီတုန်းက ဝန်မခံလိုက်တဲ့အတွက် တော်သေးတာပေါ့ ဆရာ။ ဝန်ခံလိုက်ရင် ဒီထက်ဝေးကြမယ်၊ ဒီ့ထက်ဆွေးကြရမယ်။

လောလောဆယ်မှာတော့ လယ်လယ့်ဘဝဟာ နန်းရွှေချိုင့် လှောင်ဘဝပါ။ အရိပ်အကဲကို စောင့်ကြည့်နေကြတယ်။ အသွားအလာကို စောင့်ကြပ်နေကြတယ်။ အရင်ကလို မလွတ်လပ်တော့ဘူး။ ဒီရက်ထဲမှာ လယ်လယ်လည်း ခြေငြိမ်နိုင်အောင် ကြိုးစားရတယ်။ အရင်ကလို အခြေအနေကို အစားပြန်ရအောင် နေပြရမယ်။

ဆရာရယ်

အခုတော့လည်း လယ်လယ် ဝန်ခံချင်ပါတယ်။ ကွဲကွာနေရတဲ့ ကာလကျမှ ကိုယ့်စိတ်ကို ကိုယ်ပိုလို့နားလည်ရတယ်။

mgyoe.com

ဘယ်လောက်စွဲလမ်းရတယ်။ ဘယ်လောက်တွယ်တာရတယ်ဆိုတာကို သဘောပေါက်ရတယ်။

ဆရာနဲ့ခွဲခွာနေရပေမယ့် ဆရာနဲ့ပတ်သက်တဲ့အရာရာတိုင်းဟာ လယ်လယ့်ရင်ထဲမှာ ရှိနေပါတယ်။ အတွေ့အထိ၊ အငွေ့အသက်တွေကို အမှတ်ရနေမိဆဲပါဆရာ။ တွေ့ချင်ပါတယ်၊ မြင်ချင်ပါတယ်။ ပြောစရာစကားတွေလည်း ရင်နဲ့အပြည့်ရှိနေတယ်။

အခွင့်မသာသေးခင် ရင်မှာလွမ်းမော တမ်းတရခြင်း ဝေဒနာတွေကိုသာ ခံစားနေရပါတယ် ဆရာရယ်။

သည်အတွင်းမှာ တယ်လီဖုန်းကတစ်ဆင့် စကားပြောခွင့်ရအောင် လယ်လယ် ကြိုးစားမယ်။ မရရင်တော့ စာရေးခြင်းဆိုတဲ့ နည်းပါးတဲ့ အခွင့်အရေးကလေးကိုပဲ ယူရမှာပဲပေါ့။

သတိရပါတယ်၊ တမ်းတရပါတယ်၊ လွမ်းရပါတယ် ဆရာ။

ဆရာရဲ့လယ်လယ်

P.S.

ချစ်ထွတ်တင်ထား၊ သနားပါအောင်၊ လက်ဆောင်အသက်၊ နှင်းဆက်ချင်ချင်၊ ဝါလုံးစင်သည်၊ လွမ်းအင်ကြီးခဲ့ပြန်တကား။

(နတ်သျှင်နောင်)

*

mgyoe.com

mgyoe.com

# [ ၂ ]

ညက ရေးလက်စဝတ္ထုကို အဆုံးသတ်လိုက်သည်။ ဦးလင်းအောင်အတွက် ရေးနေသော ဝတ္ထုမှာ ပြီးဆုံးသွားပြီ ဖြစ်ပါသည်။

ဝတ္ထုကို အဆုံးသတ်နိုင်ချိန်မှာ ည နှစ်နာရီခွဲ။ စင်စစ်စာရေးသူတစ်ယောက်အဖို့ ဝတ္ထုတစ်ပုဒ်ရေးသားပြီးစီးသွားသည်ဆိုခြင်းမှာ၊ အဆုံးသတ်၌ မိမိ၏လက်မှတ်ကို ရေးထိုးလိုက်နိုင်ချိန်ဆိုသည်မှာ မင်္ဂလာရှိလှသော အချိန်တစ်ချိန်ဖြစ်ပါသည်။ ကိုယ်ရောစိတ်ပါ လွတ်လပ်ပေါ့ပါးသွားသည်။ ဝန်ထုပ်ဝန်ပိုးကြီးတစ်ခုကို ထမ်းပိုးထားရာမှ လွှတ်ချလိုက်သလို ခံစားရသည်။

တစ်ခါက ပြောခဲ့ဖူးပါသည်။ ဝတ္ထုတစ်ပုဒ်ရေးသားပြီးစီးချိန်ဆိုသည်မှာ မိခင်တစ်ယောက်သားဖွားပြီးချိန်နှင့် တူသည်ဟု။ ဝတ္ထုတစ်ပုဒ်ဆိုသည်မှာလည်း စာရေးသူတစ်ယောက်အဖို့ သားသမီးရတနာနှင့်အလားသဏ္ဍာန်တူသည်ပင်။ သားသမီး ချောသည် လှသည်ကိုအပထား၊ အရုပ်ဆိုးသည် အကျည်းတန်သည်ကို အပထား။ နောက်မှ ယောက်မ

mgyoe.com

mgyoe.com

မြင်းစီးထွက်သည် မထွက်သည်ကိုအပထား။ လောလောဆယ် ဝမ်းကြာ တိုက်၌ တပင်တပန်း တနင့်တပိုး ပိုးထားရခြင်းမှ ကင်းလွတ်ခွင့်ရသည် ကပင် ကျေနပ်ဝမ်းမြောက်ဖွယ် ဖြစ်ရသည်။

မွေးလိုက်ရသော သားက ချောသည်။ သမီးက လှသည်ဆိုခြင်း မှာမူ နောင်ခါလာနောင်ခါချေးပင်။ ထိုနည်းတူ ဝတ္ထုတစ်ပုဒ်ကောင်း သည်၊ ဆိုးသည် ဆိုခြင်းထက် လောလောဆယ် ပြီးစီးသွားရခြင်းအတွက် ဝမ်းပန်းတသာဖြစ်ရသည်။ သို့ရာတွင် မိခင်တို့မည်သည် သားလှ ရတနာကိုသာ ရယူလိုကြသည်။ စာရေးသူတို့မည်သည် ဝတ္ထုကောင်း ကိုသာ အလိုရှိ ကြပါသည်။

သို့ဖြင့် ရေးလက်စဝတ္ထု ပြီးစီးပြီးနောက် စာရွက်များကို ပြန်၍ စီခြင်း၊ နံပါတ်ထိုးခြင်း၊ ပြန်ဖတ်ခြင်း စသည်တို့ဖြင့် တစ်နာရီခွဲမျှသော အချိန်ကုန်သွားသည်။ လက်မှဖောင်တိန်ကို ချလိုက်ချိန်မှာ လေးနာရီထိုးပြီ။

ရန်ကုန်မြို့၏ ထုံးစံအတိုင်း သည်အချိန်မှာ ဆူညံစပြုလာပေပြီ။ မော်တော်ကားသံ၊ လူသံတို့ကို ကြားရစပြုလာပေပြီ။ ဝမ်းတစ်ထွာ အတွက် တစ်နေ့တာ လုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်ကြပေပြီ။

သူတစ်ပါးတို့ အနားယူအိပ်စက်ချိန်၌ အနားယူအိပ်စက်ခြင်း မပြု နိုင်။ သူတစ်ပါးတို့ နိုးထချိန်ကျမှပင် အနားယူ အိပ်စက်ခြင်းပြုရသည်။ ဝတ္ထုကို စတင်ရေးသားချိန်မှ သည်ကနေ့အထိ ပထမဆုံးအကြိမ်အဖြစ် လွတ်လွတ်လပ်လပ် ပေါ့ပေါ့ပါးပါး၊ နှစ်နှစ်ခြိုက်ခြိုက်၊ အိပ်စက်နိုင်ခွင့် ရသည်။ အတန်နေမြင့်သည်အထိ အိပ်စက်နားနေနိုင်မည် ဖြစ်သည်။

ထိုကြောင့်ပင်ဖြစ်မည်။ တစ်စုံတစ်ယောက်၏ အနှောင့်အယှက် ကြောင့် အိပ်ရာမှ လန့်နိုးလာရသောအခါ စိတ်မှာ မချင့်မရဲဖြစ်ရသည်။ လာရောက် နှောင့်ယှက်သူကို ဒေါသဖြစ်ရသည်။ ထိုသူက တံခါးကို တဝုန်းဝုန်းပုတ်နေခြင်း ဖြစ်သည်။ သူ့အနေနှင့်အစပိုင်းက တိုးတိုး

mgyoe.com

mgyoe.com

သက်သာပင် တံခါးခေါက်ခဲ့ဟန်တူပါသည်။ ကျွန်တော့်ကိုယ်၌က နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသဖြင့် ရုတ်တရက်မကြားမိ။ ဤသည်ကို ဒေါပွကာ တဝုန်းဝုန်းထုလာခြင်းပင် ဖြစ်သည်။

အိပ်ရာမှလူးလဲထလိုက်ရသည်။ အိပ်ရေးမဝသေး၊ ခေါင်းမှာနောက်ကျုလျက်၊ မျက်လုံးများမှာ စပ်ကျင်ဝေရီလျက်ပင်။

တံခါးကို ဖွင့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် တံခါးပေါက်ဝတွင် ရပ်နေသူကို မြင်လိုက်ရသည်နှင့်တစ်ပြိုင်နက် ကျွန်တော့်မှာ တအံ့တသြဖြစ်သွားသည်။

ကျွန်တော် မြင်လိုက်ရသူက ကျော်ဝင်းအောင်။

'ကျော်ဝင်းအောင်'

သူ့အမည်ကို ခေါ်လိုက်မိသည်။

'နှိုးလိုက်ရတာကွာ။ ကာလနဂါးကို နှိုးရတာကျနေတာပဲ။ အခုအချိန်ထိ အိပ်နေနိုင်တုန်းဆိုတော့ ငါ့လူ အတော်စည်းစိမ်ယစ်နေနိုင်ပြီနဲ့ တူတယ်'

ကျော်ဝင်းအောင်က ပြောပြောဆိုဆိုမှာပင် အိမ်အတွင်းဝင်လာသည်။

အမှန်မှာ ကျွန်တော့်စိတ်ကသာ တစ်ခဏတာမျှ အိပ်ရသေးသည် ထင်သည်။ နေအတန်မြင့်နေပြီ။ လောကတစ်ခုလုံး အသံဗလံများဖြင့် ဆူဆူညံညံရှိနေပြီ။

'နင် ဘယ်တုန်းကရောက်တာလဲ ကျော်ဝင်းအောင်'

'မနေ့က။ မနေ့ကတည်းက လာမလို့ဟာ မအားတာနဲ့။ အခုလည်း သိပ်ကြာကြာမနေနိုင်ဘူး။ ကိုယ်ကတာဝန်နဲ့လာရတာ။ ညနေပြန်မယ်'

'မြန်လှချည်လား'

mgyoe.com

mgyoe.com

ကျွန်တော်မျက်နှာသစ်နေစဉ် ကျော်ဝင်းအောင်သည် စီးကရက်တစ်လိပ် ညှိသောက်နေသည်။ အတန်ကြာမှ သူနှင့်ကျွန်တော်တို့ မျက်နှာချင်းပြန်ဆိုင်ရသည်။

ကျော်ဝင်းအောင်သည် မည်းပြီးဝနေသည်။ ရုပ်သွင်မှာ ကြမ်းတမ်းခက်ထရော်နေသည်။ ကာကီရောင် စစ်ဝတ်စစ်စားများမှာလည်း သပ်သပ်ရပ်ရပ် ကြော့ကြော့မော့မော့မရှိ။ သူ့အသွင်ကို ကြည့်ရုံနှင့်ပင် တာဝန်များပြားသူတစ်ယောက်ဖြစ်ကြောင်း ထင်ရှားနေသည်။

ကျော်ဝင်းအောင်၏ရုပ်သွင်သည် မေနှင်းအောင်၊ မေသင်းအောင်တို့နှင့် ကွဲပြားနေသည်။ သူ၏အကျင့်စရိုက်မှာလည်း ထိုနည်းနှင်နှင်ဖြစ်ပါသည်။ သူ့ကို မြင်တွေ့ရခြင်း များစွာရှိခဲ့သည့်အနက် သည်တစ်ကြိမ်မြင်တွေ့ရခြင်းအတွက် ကျွန်တော့်စိတ်မှာ အလိုလို ဆန်းကြယ်နေသလိုရှိရသည်။ အားတုံ့အားနာဖြစ်နေမိသလို ရှိသည်။ ဤသည်မှာလည်း မေသင်းအောင်နှင့်ပတ်သက်ခဲ့သော အကြောင်းများကြောင့်ပင်ဖြစ်မည် ထင်ရပါသည်။

ကျော်ဝင်းအောင်သည် ကျွန်တော်နှင့် မေသင်းအောင်တို့အကြောင်းကို စိုးစဉ်းမျှ သိပုံမရ။ သူသည် ယခင်ကအတိုင်း ရိုးသားပွင့်လင်းစွာ ဆက်ဆံနေသည်။ သူ့အစ်မနှင့်စပ်လျဉ်း၍ တစ်လုံးတစ်ပါဒမျှ မပြော။ ရှေ့တန်းတွင် ကြုံတွေ့ရသော အတွေ့အကြုံများကို ပြန်လည်ပြောပြနေသည်။ သွေးသံရဲရဲ တိုက်ပွဲများအကြောင်း၊ အသေအလဲထိုးခုတ်ပစ်ခတ်ပွဲများ အကြောင်း။ သူသည် ယင်းအကြောင်းများကို အားပါးတရ မြိန်ရေ ရှက်ရေ ပြောနေသည်။ စိတ်ဝင်စားဖွယ်တို့လည်း ပါသည်။ ကြောက်ရွံ့ ထိတ်လန့်ဖွယ်တွေလည်း ပါသည်။ သူ့အကျင့်အတိုင်း သူကချည်း ဒိုင်ခံပြောသည်။ ကျွန်တော်က နားထောင်သူသက်သက်ဖြစ်နေသည်။

mgyoe.com

အတော်ကြီးကြာမှ သူက တစ်စုံတစ်ရာကို သတိရလာသလို လက်ပတ်နာရီကို ကြည့်သည်။

'ဟား စကားကောင်းနေလိုက်တာ၊ ကိစ္စတွေရှိသေးတယ်၊ သွားရဦးမယ်။ နင်ငါ့ကို လေဆိပ်မှာလာတွေ့။ ငါးနာရီခွဲမှာ ပြန်မယ်။ ငါးနာရီ အရောက်လာခဲ့ပေါ့။ ဟုတ်ပြီလား'

ကျွန်တော်က သူ့ကို ခေါင်းညိတ်ပြလိုက်သည်။

သည်သို့ပင်ဖြစ်ပါသည်။ ကျော်ဝင်းအောင် ရောက်လာပြီဆိုလျှင် မည်သည့်အခါမျှမရှင်း။ မည်သည့်အခါမျှ အေးအေးဆေးဆေး မရှိ။ အစဉ်လို အလောသုံးဆယ်နိုင်သည်။ အရေးတကြီး ရှိတတ်သည်။

သူပြန်သွားပြီးနောက် ထပ်မံအိပ်စက်ရန် ကြိုးစားကြည့်သေးသည်။ အိပ်၍မရတော့နိုင်။ သို့နှင့်ပင် စာမူများကို ကိုင်ကာ ပုံနှိပ်တိုက်သို့ လာခဲ့သည်။ စာစီရန်ပေးလိုက်သည်။ စာမူခအကျန်ကို ဦးလင်းအောင် ထံမှ တောင်းရသည်။

သို့ဖြင့် ညနေငါးနာရီချိန်တွင် ကျွန်တော်သည် ကျော်ဝင်းအောင်နှင့်ချိန်းဆိုထားသည့်အတိုင်း မင်္ဂလာဒုံလေဆိပ်ဆီသို့ ရောက်ရသည်။ သူနှင့်ကျွန်တော်တို့ လေယာဉ်ဆိပ် စားသောက်ဆိုင်သို့ ဝင်သည်။ ဘီယာတစ်ပုလင်းစီ မှာသောက်ကာ ရောက်တတ်ရာရာစကားများ ပြောနေကြသည်။

'နင့်ကိုငါ အသိပေးချင်တာ ရှိတယ်။ အသိပေး နောက်ကျရကောင်းလားဆိုပြီး အပြစ်တော့ မတင်နဲ့'

ကျော်ဝင်းအောင်က ရယ်ကျဲကျဲအမူအရာဖြင့် ဆိုသည်။ သူနှင့် ကျွန်တော်တို့သည် ငယ်စဉ်ကလိုပင် နင်လုံး၊ ငါလုံး သုံးကာ ပြောပြလေ့ရှိကြသည်။ ယင်းသို့ပြောရသည်ကိုလည်း ခံတွင်းတွေ့သည်။ စီးစီးပိုင်ပိုင် ရှိသည်ဟု ထင်သည်။

mgyoe.com

mgyoe.com

'ဆိုစမ်းပါဦး၊ ဘာမို့လဲ'

'အခု ငါနတ်သိကြားစောင်မလို့ အိမ်ထောင်ရက်သားကျနေပြီ'

'ဟုတ်လား။ ဒါဆိုရင်တော့ အသေအချာ အပြစ်တင်ရမှာပေါ့။ ဒီကိစ္စမျိုးကို တိုင်ပင်ဖို့ဆိုတာမှာ နင်နဲ့ငါလောက် ရင်းနှီးတဲ့သူ တခြား ဘယ်မှာရှိသေးလို့လဲ'

'အစကတော့ စာရေးပြီး အသိပေးမလို့ပဲ။ သိတဲ့အတိုင်း ငါက စာရေးပျင်းပျင်းရယ်။ နောက်တစ်ခုကလည်း သိပ်မြန်သွားတယ်'

'ထားပါ။ ဘယ်သူလဲ၊ မြမြသိန်းလား၊ သန်းသန်းမြင့်လား'

ကျွန်တော်က သူ၏ငယ်ချစ်ဖြစ်သူတို့၏အမည်များကို ရွတ်ပြမိသည်။ တစ်နေ့မဟုတ်တစ်နေ့ သည်မိန်းကလေးနှစ်ယောက်အနက် တစ်ယောက်ကို ကျော်ဝင်းအောင် လက်ထပ်လိမ့်မည် ထင်သည်။ မိန်းကလေးများကလည်း ကျော်ဝင်းအောင် လက်ထပ်စကားပြောလာမည့်အချိန်ကို စောင့်လင့်နေသူများ ဖြစ်ကြသည်။

'နင်ပြောတာတွေ တစ်ခုမှမဟုတ်ဘူး။ အခုဟာက တို့တပ်ရင်းရှိတဲ့မြို့က။ ကချင်မလေးတစ်ယောက်'

'ဒါတော့ နင်ဘယ်တရားမလဲ ကျော်ဝင်းအောင်။ ဟိုခများတွေမှာ နင့်ကို စောင့်နေကြရတယ်။ တစ်နေ့လက်ထပ်ရနိုးထင်ထားတယ်။ သူတို့သာ နင့်ကိုမစောင့်ဘဲ အိမ်ထောင်ပြုမယ်ဆိုရင် အခုဆို ကလေးတစ်ကျိပ်လောက်ရနေပြီ။ အပျိုကြီးတွေဖြစ်လာကြပြီ။ နင်က မယူဘူးဆိုတော့ သူတို့ကော သွားပြီပေါ့။ တစ်သက်လုံး အပျိုကြီးဘဝနဲ့ အရိုးထုတ်ကြရတော့မှာပေါ့'

ကျွန်တော့်စကားကို ကျော်ဝင်းအောင်က သဘောကျသလို ရယ်နေသည်။

'ဒါတော့ ကိုယ်လည်း မတတ်နိုင်ဘူး သူငယ်ချင်း။ အမှန်တော့

mgyoe.com

သူတို့က ငယ်ငယ်ကသာ ချစ်တယ်လို့ထင်တာ။ ကြီးလာတော့ သိပ် ချစ်လှတယ် မထင်ဘူး။ အေးလေ အခုကိစ္စကလည်း ချစ်တယ်ဆိုတာ နဲ့တော့ ကွာလိမ့်မယ် ကောင်မလေးက လှတယ်၊ ပညာလည်း တတ် တယ်။ အတွေ့အမြင်လည်း များတယ်။ ဒါနဲ့ လက်ထပ်လိုက်တာပဲ။ ငါတို့ တစ်တွေက နင်တို့ အနုပညာသမားတွေလို နှလုံးသားကိစ္စတို့၊ ဘာတို့ကို ရှေ့တန်းတင်တတ်ကြတဲ့ သူတွေမှာ မဟုတ်ဘဲကလား'

ငါးနာရီနှင့် ဆယ်ငါးမိနစ်မျှ ရှိလာသည်။ သည်အချိန်မှာပင် မထင်မှတ် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်လာသည်။ လေဆိပ် စားသောက်ခန်းမအတွင်း တစ်စုံတစ်ယောက်က ဝင်လာခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် စားသောက်ဆိုင်တံခါးပေါက်ကို မျက်နှာပြုလျက် ထိုင်နေခဲ့သည်။ ကျော်ဝင်းအောင်က ကျောပြုထားသည်။ စားသောက် ဆိုင်မှန်တံခါးကို တွန်းဝင်လာသော အမျိုးသမီးတစ်ယောက်ကို ကျော် ဝင်းအောင်၏ပခုံးစွန်းမှ ကျော်ကာကြည့်မိသည်။ ပထမအကြိမ်ကြည့် စဉ်က အမှတ်မထင်ပင် ဖြစ်ပါသည်။ တစ်ကြိမ်ကြည့်ပြီး မျက်လွှာချ လိုက်မိသည်။ သို့ရာတွင် ယင်းအမျိုးသမီးမှာ စိတ်၌သိမှတ်နေသော အမျိုးသမီး၊ မျက်ဝန်းသူငယ်အိမ်၌ ထာဝရစွဲထင်နေသူ။ ထို့ကြောင့် ဒုတိယအကြိမ်အဖြစ် ကြာမြင့်စွာ စူးစိုက်ကြည့်လိုက်မိသည်။

ယင်းအမျိုးသမီးက မေသင်းအောင်။

မေသင်းအောင်ကို မြင်လိုက်ရသဖြင့် ကျွန်တော့်မျက်နှာမှာ အ ပြောင်းအလွဲ မြောက်မြားစွာ ဖြစ်ပေါ်သွားလိမ့်မည် ထင်သည်။ ကျွန်တော့် ရင်မှာ ခုန်လာသည်။ အသည်းနှလုံးမှာ ပူနွေးလာသည်။

မေသင်းအောင်သည် စားသောက်ဆိုင်ကို ယေဘုယျသဘောမျိုး ခြုံ၍ကြည့်သည်။ ရုတ်တရက်တွင် ကျွန်တော့်ကို မမြင်။

ကျွန်တော့် မျက်နှာရိပ်မျက်နှာကဲကြောင့်ပင် ဖြစ်မည်။ ကျော်ဝင်း

mgyoe.com

mgyoe.com

အောင် နောက်သို့လှည့်ကြည့်သည်။ သူ၏အစ်မဖြစ်သူကို မြင်သွားသည်။ သူက မြင်သာစေရန် လက်ပြလိုက်သည်။

"မမ ကျွန်တော်ဒီမှာ'

သူ့ထံမှ အသံထွက်လာသည်။ မေသင်းအောင်သည် ကျော်ဝင်းအောင်ကို မြင်သွားသည်။ တစ်ဆက်တည်းမှာပင် သူမ၏အကြည့်သည် ကျွန်တော်ထံ ရောက်လာတော့သည်။ ကျွန်တော့်ကို မြင်လိုက်ရသည့်အတွက် မေသင်းအောင် မည်သို့ခံစားလိုက်ရမည်မသိ။ သူမ၏မျက်နှာ၌ အပြောင်းအလွဲတစ်ရပ် ပေါ်ပေါက်သွားသည်။ ရင်မှာ ထိတ်ခုန်ရလေသလား၊ အသည်းနှလုံးသားတို့ ပူနွေးရလေသလား မပြောတတ်။ သူမသည် မောင်ဖြစ်သူကို မြင်ရပြီး ဝမ်းသာအားရ လျှောက်လာမည်ပြုပြီးကာမှ ရုတ်တရက် ခြေလှမ်းတုံ့သွားသည်ကား အမှန်ပင်။

ဖြစ်နိုင်လျှင်တော့ မေသင်းအောင်သည် ကျွန်တော့်မျက်ကွယ်သို့ ရှောင်သွားချင်ပုံပေါ်သည်။ ကျွန်တော်နှင့် မျက်နှာချင်းမဆိုင်ဘဲ ရှောင်လွှဲသွားချင်ပုံပေါ်သည်။ သို့ရာတွင် သူမ၌ မည်သို့မျှ ရှောင်လွှဲနိုင်ရန် အခွင့်အရေးရတော့မည် မဟုတ်ပါပေ။ ကျော်ဝင်းအောင်က မတ်တတ်ရပ်ကာ သူမအား ကြိုဆိုလိုက်သည်။

မေသင်းအောင်သည် တုံ့နှေးသော ခြေလှမ်းများဖြင့် ကျွန်တော်တို့စားပွဲဝိုင်းသို့ တိုးကပ်လာသည်။ သူမ၏အကြည့်သည် ကျွန်တော့်မျက်နှာပေါ်မှာသာ ကျရောက်နေသည်။ ကျွန်တော်ကလည်း သူမ၏မျက်ဝန်းများကိုသာ စိုက်ကြည့်နေမိပါသည်။

ကျော်ဝင်းအောင်က သူမအတွက် ကုလားထိုင်ရွှေ့ပေးသည်။ မေသင်းအောင်သည် မာမာတောင့်တောင့်အမူအရာဖြင့် ကုလားထိုင်၌ ဝင်ထိုင်လိုက်သည်။ မျက်နှာမှာ မာကျောနေသည်။ မျက်လုံးအိမ်သည် ငြိမ်သက်နေသည်။ အကြည့်ကိုအဝေးသို့ စူးစိုက်ထားလိုက်သည်။

mgyoe.com

ကျွန်တော်တို့သည် တစ်ယောက်နှင့်တစ်ယောက် နှုတ်မဆက်ခဲ့ကြ။ သိကျွမ်းသည့်အမူအရာကိုပင် မပြမိကြ။ တကယ့် သူစိမ်းများပမာ ကျောင်းတော်က ရန်စရှိခဲ့ကြသူများ အသွင်။

မေသင်းအောင်သည် စတော်ဘယ်ရီရောင် အဝတ်များကို ဝတ်ထားသည်။ အင်္ကျီရော၊ လုံချည်ပါ။ မေသင်းအောင်၏ အသားအရေသည် ဝင်းစိုနေသည်။ သို့တိုင်အောင် သူမသည် အတော်ကြီးပိန်နေသည်ဟု ထင်ရသည်။ မျက်နှာမှာ ကြေကွဲမှုထင်ဟပ်ကာ ညှိုးငယ်နွမ်းနယ်နေသည်။

သူမနှင့် ကျွန်တော်တို့ ကွဲကွာခဲ့ကြသည်မှာ တစ်လကျော်မျှ ရှိခဲ့ပြီ ဖြစ်သည်။ မမြင်မတွေ့ခဲ့ကြသည်မှာ ရက်ပေါင်းသုံးဆယ်ကျော်ခဲ့ပြီ။ သည်အထက်ကျော်ကာလမှာတုန်းက အိစက်ထွေးနွေးသော ကိုယ်ခန္ဓာကလေးကိုလည်း ရင်ခွင်အတွင်းမှာ ထွေးပွေ့ခဲ့ဖူးသည်။ ပူနွေးတုန်ယင်နေလေ့ရှိသော နှုတ်ခမ်းကလေးများကိုလည်း နမ်းရှုပ်ခဲ့ဖူးသည်။ သည်အတွေ့အထိ အငွေ့အသက်တို့ကို ယခုအခါ ပြန်လည်သတိရသည်။ ပြန်လည်ခံစားရသည်။ စင်စစ်တွင်လည်း မေသင်းအောင်ဟူသည်က ချစ်ခဲ့ရသူပင် မဟုတ်ပါလား။ ချစ်ခဲ့ရပါလျက် ကွဲကွာနေခဲ့ရသည်။ ထာဝရကွဲကွာခဲ့ကြလေလျှင် ခံစားရချက်တို့က တစ်မျိုးတစ်မည်ဖြစ်၍ နေလေမည်။ ယခုလိုပြန်လည်ဆုံတွေ့ရပြန်ပြီ၊ ဆုံတွေ့ရာ၌လည်း တစ်ဦးကို တစ်ဦး မသိကျိုးကျွန်ပြုရသည်ဆိုသောအခါ ရင်ထဲမှာ နာကျင်လာသလိုပင်။ နှလုံးသားမှာ ဆတ်ဆတ်ခါနေသည့်ပမာ ခံစားရသလိုပင်။

'ငါးနာရီကျော်သွားလို့ မမ ကျွန်တော့်ကို လာမတွေ့တော့ဘူး ထင်နေတာ'

ကျော်ဝင်းအောင်က စကားဆိုသည်။ သူ့အဖို့ ကျွန်တော်နှင့် မေသင်းအောင်တို့စကားမပြောသည်ကိုလည်းကောင်း၊ မသိမကျွမ်းသလို

mgyoe.com

 mgyoe.com


နေခြင်းသည်လည်းကောင်း အဆန်းမဟုတ်တော့၊ ယခင်ကလိုပင် ဖြစ်မည်ဟု ထင်နေပုံရသည်။

မေသင်းအောင်သည် လက်ကိုင်အိတ်ထဲမှ ပစ္စည်းအချို့ကို ထုတ်ယူသည်။ အင်္ကျီစ၊ လုံချည်စကဲ့သို့ ပစ္စည်းများဖြစ်သည်။ ယောက်မဖြစ်သူအတွက် လက်ဆောင်ဖြစ်ပုံရသည်။

'မမကလည်းဗျာ၊ အလကားဒုက္ခရှာလို့။ ဒါပဲလား' စသည်ဖြင့် ကျော်ဝင်းအောင်က သူ့ဇနီးအကြောင်း ကရားရေလွှတ်ပြောရင်းက ရွှတ်နောက်နေသည်။ မေသင်းအောင်ကတော့ ဆယ်ပြည်ထောင်ချော့တော့ မပြုံးဆိုသည့်နှယ် တည်တည်နှင့်ပင် သူမ သိလိုရာရာကို မေးသည်။

ကျွန်တော်စိတ်မှာ ကျဉ်းကျပ်နေသည်။ မျက်နှာမှာ ထူပူရှိန်းဖိန်းနေသည့်နှယ်ဖြစ်သည်။ သူတို့အကြားသို့ဝင်၍ စကားမပြောမိ။ လူပိုတစ်ယောက်လိုပင် ငြိမ်သက်စွာ ထိုင်နေရသည်။

သို့ဖြင့် လေယာဉ်ထွက်ရန် အချိန်နီးကပ်လာသည်။ ကျော်ဝင်းအောင်ကို စစ်ဆေးသောနေရာသို့ လိုက်ပို့ရသည်။

'စောစောကပြောသလို ကိုယ်တော့ နုတ်သိကြားစောင်မလို့ အိမ်ထောင်ကျပြီဆိုတော့၊ ကိုယ့်အစ်မအတွက်လည်း ကြည့်ရှုစောင်မလိုက်စမ်းပါကွာ။ သိပ်ဟိုင်းမသွားခင် သင့်တော်မယ့်သူတွေ့ရင် ပေးစားလိုက်စမ်းပါ'

ကျော်ဝင်းအောင်၏ နှုတ်ဆက်စကား။ သည်စကားကြောင့် မေသင်းအောင်၏မျက်နှာမှာ ရဲခနဲဖြစ်သွားသည်ကို တွေ့ရသည်။ ကျွန်တော်ကိုယ်တိုင် မျက်နှာမထားတတ်အောင် ဖြစ်ရသည်။

ကျွန်တော်တို့သည် ကျော်ဝင်းအောင် စီးနင်းလိုက်ပါသွားသည့် လေယာဉ် လေယာဉ်ပြေးလမ်းမှ လွတ်မြောက်ထွက်ခွာသွားသည်အထိ ဧည့်ခန်းမဆောင်ထဲမှ စောင့်ကြည့်နေကြသည်။ ပြီးလျှင်မူ နှစ်ယောက်သား တိုင်ပင်ထားသလို ခန်းမဆောင်ထဲမှ ထွက်ခဲ့ကြသည်။

mgyoe.com

ခန်းမဆောင်အပြင်သို့ရောက်လျှင် ပူနွေးသော လေ၏ဆီးကြိုနှုတ်ဆက်ခြင်းကို ခံစားရသည်။ မေသင်းအောင်တွင် မော်တော်ကားပါလာသည်။ ကျွန်တော်သည် လေဆိပ်သို့ အငှားကားဖြင့် လာခဲ့ခြင်းဖြစ်သည်။ အပြန်တွင် ရရာကားကိုစီးမည်ဟု စိတ်ကူးခဲ့သည်။

ကျွန်တော်နှင့် မေသင်းအောင်တို့သည် ယခုတိုင်အောင် တစ်ခွန်းမျှ မပြောမိကြသေး။ အာစေးထည့်ထားခြင်းခံရသူများလို နှုတ်ဆိတ်နေမိကြသည်။ ကျွန်တော်သည် လေဆိပ်ထွက်ပေါက်၌ ရပ်လိုက်သည်။ မေသင်းအောင်က ရှေ့မှသွားနှင့်သည်။ ကျွန်တော်ချန်နေသည်ကို သိမိဟန်ဖြင့် ခပ်လှမ်းလှမ်း၌ ရပ်လိုက်သည်။ ကျွန်တော်ဘက်သို့ လှမ်းကြည့်သည်။ စကားကိုကား မဆိုပါ။ သို့ရာတွင် သူမ၏မျက်လုံးများက အဓိပ္ပာယ်များစွာကို ဖော်ပြသည်။ သူမ၏ကားဆီသို့လာစေချင်သော ဆန္ဒကို ပြည့်ဝန်းနေသည်။ ကျွန်တော်က ပေ၍ရပ်နေမိဆဲ။

'ဘာနဲ့ပြန်မလို့လဲ ဟင်'

ပထမဆုံးအကြိမ်အဖြစ် သူမ၏အသံကို ကြားရသည်။

'ဘတ်စ်ကားနဲ့ဖြစ်ဖြစ်၊ အငှားကားနဲ့ဖြစ်ဖြစ်ပေါ့'

'သင်းမှာ ကားပါလာတယ်'

ယင်းစကားမှာ အတိအလင်း ဖိတ်ခေါ်ခြင်းပင် ဖြစ်ပါသည်။ ဆန္ဒကို အတိအကျဖော်ပြခြင်းပင် ဖြစ်သည်။ ကျွန်တော်သည် သူမ၏ မော်တော်ကား ရပ်ထားရာသို့ လျှောက်လာခဲ့သည်။ ကားအတွင်းသို့ မေသင်းအောင်က အလျင်ဝင်ထိုင်သည်။ ကျွန်တော်သည်လည်း ဝင်ထိုင်လိုက်ပါသည်။

ကားမောင်းထွက်ခဲ့သည်။ လေဆိပ်ကိုနောက်မှာ ချန်ခဲ့သည်။ ကျွန်တော်သည် လမ်းဆုံသို့ရောက်သည်တိုင် စကားမပြောဖြစ်ကြ။ ရင်ထဲမှာ တင်းကျပ်ရခြင်းတို့ မပျောက်ပျက်သေး။ နာကျင်ခြင်းကို ခံစားရဆဲပင်။

mgyoe.com

mgyoe.com


မေသင်းအောင် မည်သို့ခံစားနေရမည်ကို မတွေးတတ်။ နေကာမျက်မှန်က သူမ၏မျက်နှာသုံးပုံတစ်ပုံကို နေရာယူဖုံးကွယ်ထားလေရာ သူမ၏မျက်နှာသွင်ပြင်ကို ပြည့်စုံစွာ မမြင်နိုင်။ မည်သို့ပင်ဆိုစေ မေသင်းအောင်သည် ကျွန်တော့်ထက် မပိုသည့်တိုင် ကျွန်တော့်နည်းတူ ခံစားနေရလိမ့်မည် ထင်ပါသည်။

ကျွန်တော်သည် မေသင်းအောင်အား စကားဆိုချင်နေသည်။ တစ်ခုမဟုတ်တစ်ခု ပြောချင်နေသည်။ သို့တိုင်အောင် မည်သည့်စကားကို ဆိုရမည်မသိ။ မည်သို့စတင်ပြောရမည် မတွေးတတ်။ စင်စစ်တွင် ကျွန်တော်တို့သည် ရန်စရှိကြသူများမဟုတ်၊ သူစိမ်းပြင်ပြင်များမဟုတ်။ မခေါ်မပြောနိုင်လောက်အောင် မုန်းတီးနာကျည်းနေသူများ မဖြစ်သင့်။

သို့ဖြင့် ကျွန်တော်သည် 'သင်း ပိန်သွားတယ်' ဟူသော စကားကို ကြိုးစားပြောဆိုလိုက်မိသည်။

ကျွန်တော့်စကားအတွက် မေသင်းအောင် မဲ့လိုက်သည်။

'သင်းက ဘာသားနဲ့ ထုထားတာမို့လဲ။ အသွေးအသား အကြောအရိုးတွေနဲ့ ဖွဲ့စည်းထားတဲ့လူတစ်ယောက်ပါ။ ဝမ်းသာရွှင်လန်းစရာရှိရင် ဝမ်းသာရွှင်လန်းရမှာပဲပေါ့။ ဝမ်းနည်းကြေကွဲစရာနဲ့ဆုံရရင် ဝမ်းနည်းကြေကွဲမှာပဲပေါ့။ ဒီရက်တွေအတွင်းမှာ အိပ်မပျော်တာလည်းကြာပြီ။ တစ်ခုခုကိုစားနေပေမယ့် စားသောက်ရတယ်လို့မထင်တာလည်း ကြာပြီ'

သူမ၏စကားကြောင့် ကျော်ဝင်းအောင်ပြောခဲ့သောစကားကို သတိရသည်။ နှလုံးသားရေးရာကို ရှေ့တန်းတင်ထားသူတွေအတွက် နှလုံးသားနှင့်ပတ်သက်ရာရာကို ခံစားရလေပြီဆိုသောအခါ ဘဝကို ထိခိုက်ခြင်းပင် ရှိလာတတ်ကြောင်း တွေးမိသည်။

'ကိုယ် စိတ်မကောင်းပါဘူး သင်း'

'ဘာကိုစိတ်မကောင်းတာလဲ ဟင်'

mgyoe.com

'အားလုံးကိုပဲ။ အစစအရာရာကိုပဲ။ အဲဒီအတွက် ကိုယ်ထွက်ပြေးတာ။ တကယ်တမ်းကျတော့ ကိုယ်ဟာသတ္တိကြောင်တဲ့ လူတစ်ယောက်ပါ'

'သတ္တိကြောင်သူလို့တော့ မစွပ်စွဲချင်ပါဘူး။ ကံကောင်းသူလို့ပဲ ပြောချင်ပါတယ်။ အဲဒီလိုထွက်ပြေးနိုင်တဲ့ အခွင့်အလမ်းရှိနေတာကိုက ကံကောင်းတယ်ဆိုတာကို ပြနေတာပါပဲ။ သင်းတို့မှာတော့ အဲဒီလို အခွင့်အလမ်းမျိုး မရနိုင်ပါဘူး။ ခံစားစရာရှိရင် ရင်နဲ့အပြည့်ကျိတ်မှိတ်ခံစားရတော့တာပဲ။ ဖြေဖျောက်စရာနည်းလမ်းဆိုလို့ မျက်ရည်တစ်ခုကလွဲလို့ တခြားဘာမှ မရှိခဲ့ပါဘူး'

မေသင်းအောင်၏အသံသည် လှိုက်လှဲလာသည်။ ကြေကွဲဆိုနင့်ခြင်းများ ပါဝင်နေသည်။ သူမကကားကို ဂရုတစိုက်မောင်းနှင်နေရင်းမှာပင် စကားဆက်သည်။

'သင်းကိုယ်သင်း အချစ်ရေးနှင့်ပတ်သက်ပြီး ဒီလောက်ကံဆိုးလိမ့်မယ်လို့ တစ်ခါမျှမမျှော်လင့်ခဲ့မိဘူး။ ဒါပေမယ့် သင်းဟာ တခြားကိစ္စတွေမှာ ကံကောင်းခဲ့သလောက် အချစ်ရေးနဲ့ ပတ်သက်လို့ ကံဆိုးတယ်ဆိုတာ အခုတော့ သိရပါပြီ။ တစ်ဆက်တည်းမှာလည်း လူတွေရဲ့အကြောင်းကို ပိုသိလာတယ်လို့ ထင်တယ်။ လူတွေဟာ ရိုးသားပွင့်လင်းမှုကို မနှစ်ခြိုက်တတ်ကြဘူးဆိုတာ သိလာတယ်'

ကျွန်တော်သည် မေသင်းအောင်အား တစ်စုံတစ်ခု ပြောပြချင်မိသည်။ နှစ်သိမ့်သည့်စကားတစ်ခွန်းခွန်းကို ဆိုချင်သည်။ သို့တိုင်အောင် ကြေကွဲနာကျင်ရမှုသည် စကားမပြောနိုင်လောက်အောင် ရင်ကို ကြီးစိုးထားသည်။

ကားသည် မြို့နယ်နိမိတ်အတွင်း ဝင်လာသည်။ အမှောင်သမ်းစပြုပြီဖြစ်၍ မေသင်းအောင်သည် မျက်နှာပေါ်မှ မျက်မှန်ကို ချွတ်လိုက်

mgyoe.com

mgyoe.com

သည်။ ယခုအခါ သူမ မျက်နှာသွင်ပြင်ကို သေချာစွာ မြင်ရပေပြီ။ သူမ၏မျက်နှာတွင် ရင်အတွင်းမှ ခံစားရမှုတို့လာရောက် ထင်ဟပ်နေကြောင်း တွေ့ရသည်။ နာကျည်းမှုကြောင့်ပင် ဖြစ်မည်။ မျက်နှာကလေးမှာ တင်းမာခက်ထန်နေသယောင် ထင်ရသည်။

ရှစ်မိုင်လမ်းဆုံကို ကျော်လွန်လာခဲ့ပြီး တက္ကသိုလ်နယ်မြေသို့အရောက်၌ လမ်းမီးများ လင်းလက်လာသည်ကို တွေ့ရသည်။

'အိမ်အထိလိုက်ပို့ပေးရမလားဟင်'

မေသင်းအောင်က မေးသည်။

'ဝန်လေးနေမယ်ဆိုရင်တော့ ဒီနေရာမှာတင်ပဲ ချပေးခဲ့ပါ။ ဒီနေရာကဆိုရင် ဘတ်စ်ကားစီးရဖို့လည်း လွယ်ပါတယ်'

ကျွန်တော်က ပြန်ပြောရသည်။

'ဝန်မလေးပါဘူး။ တစ်နေရာရာများ သွားစရာရှိသလားလို့'

'မရှိပါဘူး'

'ရန်ကုန်ကို ဘယ်တုန်းက ပြန်ရောက်သလဲဟင်'

'ခုနစ်ရက်တစ်ပတ်လောက်ကပါ'

'သင်း ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်လိမ့်မယ်ထင်ထားတာ။ တစ်ဖက်ကစမလာမချင်း မသွားဘဲနေမယ်လို့ စိတ်ကူးထားတာ။ ဒါပေမယ့် မရပါဘူး။ သင်း ရောက်ခဲ့ပါသေးတယ်။ လာကြည့်ပါသေးတယ်။ အိမ်တံခါးပိတ်ထားတာကိုချည်း တွေ့ခဲ့ရတယ်။ မောပြီးပြန်ခဲ့ရတယ်ဆိုပါတော့။ သုံးလေးခေါက်လောက်လာကြည့်ပြီး မတွေ့ရတော့မှ သင်းကို ရှောင်သွားတယ်ဆိုတာ ရိပ်မိတော့တယ်'

ကျွန်တော်သည် မေသင်းအောင်၏ ဘေးတိုက်အနေအထားအရ မြင်နေရသော မျက်နှာကို စူးစိုက်ကြည့်မိသည်။ သူမ၏ စကားက အဘယ်မျှ သံယောဇဉ်တွယ်တာရသည့်အဖြစ်၊ အဘယ်မျှ စွဲလမ်းရသည့်

mgyoe.com

mgyoe.com

အဖြစ်ကို ဖော်ပြခဲ့သည်ဟု ထင်သည်။ အသံမထွက်စေဘဲ ရင်ထဲမှာပင် 'သင်းရယ်' ဟု ခေါ်နေမိသည်။

'သင်း နားလည်လိုက်ပါတယ်။ သင်းကို မုန်းလိုက်ပြီဆိုတာ သိတယ်။ မေ့နိုင်အောင် ကြိုးစားနေပြီဆိုတာ သဘောပေါက်ပါတယ်'

မေသင်းအောင်၏အသံသည် ဆို့နင့်လာသည်။ သူမ၏မျက်ဝန်းများမှာ မျက်ရည်ရစ်ဝဲလာပုံရသည်။ လမ်းမီးရောင်ဖြင့် တောက်ပရွှန်းလက်လာသည်ကို တွေ့ရသည်။

'ဒါပေမယ့် မောင့်ကို သင်း အပြစ်မတင်မိပါဘူး'

မေသင်းအောင်၏စကားသည် ကျွန်တော့်ရင်ကို ဆွဲကိုင်လှုပ်ခါလိုက်သလို ဖြစ်သည်။ သူမသည် အစပိုင်းက မောင်ဟူသော အသုံးအနှုန်းကို မသုံးမိစေရန် ကြိုးစားခဲ့သည်။ ယခုတော့ အမှုမဲ့ အမှတ်မဲ့ဆိုသလို သုံးနှုန်းလာသည်။ ဤသည်ကပင် သံယောဇဉ်မကုန်သေးကြောင်း ပြသည်။

မြို့နယ်နိမိတ်ထဲမှာ ဖြစ်၍ကားကို ဂရုစိုက်မောင်းရသောကြောင့် အတန်ကြာမျှ စကားမပြောဖြစ်ဘဲ ရှိခဲ့ကြသည်။ ဟံသာဝတီအဝိုင်းသို့ ရောက်လျှင် ဦးဝိစာရလမ်းဘက်သို့ ချိုးကွေ့ဝင်ခဲ့သည်။

'ကျော်ဝင်းအောင်နဲ့က လူချင်းတွေ့ရတာ မဟုတ်ဘူး။ တယ်လီဖုန်းနဲ့စကားပြောရတာ။ သူက ဒီတော့မှပဲ သူမိန်းမရတဲ့အကြောင်းကို ပြောတယ်။ လေဆိပ်ကိုချိန်းတယ်။ ဒါနဲ့ သင်း ရောက်လာရတာပါ။ မောင်ရှိနေမယ်မှန်း မသိခဲ့ပါဘူး။ မောင် ရန်ကုန်ပြန်ရောက်တာတောင် သင်း မသိခဲ့ဘူး မဟုတ်လား'

'မောင်ရှိနေမယ်ဆိုတာ သိခဲ့ရင် မလာဘူးဆိုပါတော့'

ကျွန်တော့် အမေးကို မေသင်းအောင်က သက်ပြင်းရှိုက်ရင်း ဖြေသည်။

'မတွေ့ချင်လို့ ရှောင်ပြေးနေတဲ့လူတစ်ယောက်ကို အတင်းလိုက်

mgyoe.com

mgyoe.com

ခေါ်ဝံ့တဲ့သတ္တိမျိုး သင်းမှာ မရှိပါဘူး။ သင်း ဒီအထိ မျက်နှာမပြောင်ဝံ့ပါဘူး။ သင်းရဲ့တစ်သက်မှာ လူတစ်ယောက်ကို အလိုက်လျောဆုံးဆက်ဆံတာ တစ်ယောက်ပဲရှိတယ်။ အဲဒီလူက မောင်ပဲ။ တခြားလူတစ်ယောက်သာဆိုရင် လေဆိပ်မှာပဲ ထားခဲ့မှာပါ'

'ဒီအထိ ကံကောင်းနေသေးတယ်ဆိုတာသိရတော့ ဝမ်းသာပါတယ်သင်း'

ဦးဝိစာရလမ်းသည် ဗိုလ်ချုပ်လမ်းသို့ ထွက်လိုက်လေလျှင် ဆူညံစည်ကားသော မြို့လယ်သို့ရောက်လာသည်။ မော်တော်ကား ရေစီးကြောင်းအတိုင်း လိုက်ပါလာခဲ့သည်။ အဆုံးမှာတော့ ကျွန်တော်နေသောလမ်း၊ ကျွန်တော့်အိမ်ခန်းတည့်တည့်မှာ မော်တော်ကားဆိုက်ကပ်မိသည်။ မိုးစုန်းစုန်းချုပ်ခဲ့ပြီ။ လမ်းမီးအလင်းရောင်မှတစ်ပါး အခြားအလင်းရောင် မရှိတော့။

ကျွန်တော်သည် မော်တော်ကားတံခါးကို ဖွင့်ဆင်းလိုက်သည်။

'ဝန်မလေးဘူးဆိုရင် ဆင်းပါဦးလား'

မေသင်းအောင်ကို ဖိတ်ခေါ်မိပြန်သည်။

'နေပါစေတော့၊ ဒီအခန်းကို မြင်ရရင် သင်း ရင်နာတယ်။ ကျိန်စာတစ်ပုဒ်ကို ဖတ်ရသလိုပါပဲ'

'ဟုတ်မှာပေါ့။ ဒီအခန်းကလည်း ရာဇဝင်နဲ့ကိုး'

'ဘာရာဇဝင်လဲဟင်'

'ဒါကိုသိချင်ရင် ပြောပြပါ့မယ်သင်း။ ပုံပြင်တစ်ပုဒ်လိုပါပဲကွယ်။ စိတ်ဝင်စားစရာလည်း ကောင်းပါလိမ့်မယ်။ ဆင်းပါဦး သင်းရယ်။ အိမ်လည်လိုက်ခဲ့ပါဦး။ သင်းကို ပြောစရာစကားတွေ မောင့်မှာ ရင်နဲ့အပြည့်ပါ။ ဒါတွေကိုလည်း ပြောခွင့်ပြုပါဦးကွယ်'

*

mgyoe.com

mgyoe.com

# [ ၃ ]

အခန်းတံခါးကို ဖွင့်လိုက်သည်။ အခန်းအတွင်းမှာ မှောင်နေသည်။ မီးခလုတ်ကို စမ်းသပ်ဖွင့်လိုက်သည်၌ အလင်းရောင်သည် အမှောင်ကို တွန်းဖယ်နှင်ထုတ်လိုက်သည်။ အခန်းအတွင်းမှာ လင်းလာသည်။

မေသင်းအောင် အခန်းအတွင်းသို့ရောက်လာလျှင် ကျွန်တော်သည် တံခါးကို ပြန်ပိတ်လိုက်သည်။ တံခါးကို ကျောဖြင့်မှီလျက် မေသင်းအောင်၏နောက်ကျောပြင်ကို စိုက်ကြည့်နေသည်။ သူမသည် ကျွန်တော့်ဘက်ကို လှည့်လိုက်သည်။ ထိုအခါ ကျွန်တော်တို့ မျက်နှာချင်းဆိုင်မိကြသည်။ အကြည်ချင်းဆုံမိကြသည်။ တစ်ယောက်မျက်ဝန်းကို တစ်ယောက် ကြာမြင့်စွာ စူးစိုက်ကြည့်နေမိကြသည်။ ကြာမြင့်စွာ ကွဲကွာနေရာမှ ရုတ်တရက်ပြန်လည်ဆုံတွေ့လိုက်ရသလို စိတ်မှာ ခံစားရသည်။

ကျွန်တော်သည် မေသင်းအောင်ထံ လျှောက်လာခဲ့သည်။ အသားချင်းထိမတတ် တိုးကပ်လာခဲ့ခြင်း ဖြစ်သည်။ မေသင်းအောင်၏မျက်

mgyoe.com

 mgyoe.com 

ဝန်းများသည် တဖျပ်ဖျပ်တောက်ပနေသည်။ နှုတ်ခမ်းလွှာမှုံသည်လည်း တုန်ရီလျက် လာလေပြန်ပြီ။

'သင်းရယ်' ဆိုကာ ကျွန်တော်သည် မေသင်းအောင်၏ကိုယ်ကို ထွေးပိုက်လိုက်မိသည်။ တင်းကျပ်စွာ ဖက်ထားလိုက်မိသည်။ သူမ၏ မျက်နှာပြင်ကို နေရာမလပ် နမ်းမိသည်။ မေသင်းအောင်သည် ကျွန်တော့် ကိုယ်ကို ပြန်လည်ဖက်တွယ်သည်။ အနမ်းကိုလည်း တုံ့ပြန်သည်ပင်။

နောက်တော့ ကျွန်တော်တို့သည် တစ်စုံတစ်ရာကို သတိရလာ သလို လူချင်းခွာလိုက်မိကြသည်။ ယင်းတစ်စုံတစ်ရာဟူသည်ကား လွန် ခဲ့သော ကာလအကြောင်းများကို သတိရလာခြင်းဖြစ်သည်။ အတိတ် တစ္ဆေသည် ကျွန်တော်တို့အသိကို တံခါးလာခေါက်သည်။ စင်စစ် ကျွန်တော်နှင့် မေသင်းအောင်တို့တွင် နာကျည်းဖွယ်သော၊ တုန်လှုပ်ဖွယ် သော အကြောင်းကိစ္စများရှိနေသေးသည်ဆိုခြင်းကို ပြောကြားသည်။ သို့နှင့် နှစ်ယောက်သား တိုင်ပင်ထားသလို တစ်ယောက်ကိုတစ်ယောက် ဖက်တွယ်ထားရာမှ ခွာလိုက်မိကြသည်။

မေသင်းအောင်သည် ကျွန်တော့်ကို ကျောပြုလိုက်သည်။ မျက်နှာ ကို ငုံ့လိုက်သည်။ ရင်ထဲမှာ ချက်ချင်းဆိုသလို တင်းကျပ်ပြည့်သိပ်လာ ပြန်သည်။ နာကျင်လှိုက်လှဲခြင်းက ကြီးစိုးလာသည်။

'သင်း ပြန်တော့မယ်'

မေသင်းအောင်က လေသံမှုသော လေသံဖြင့် ဆိုသည်။

'အိမ်ပေါ်အထိ ရောက်လာပြီးမှာတော့ ချက်ချင်း မပြန်ပါနဲ့ဦး သင်းရယ်'

ကျွန်တော်သည် မိမိကိုယ်ကိုမိမိ မချင့်မရဲကြီးဖြစ်နေမိလျက်ကပင် တားဆီးမိပြန်သည်။ အမှန်တော့ မေသင်းအောင်ကို တားဆီးဖို့မကောင်း၊ ပြန်ခွင့်ပြုခဲ့ဖို့ကောင်းသည်။ တစ်ခါတုန်းကလို ဘာစကားမျှမပြောဘဲ

mgyoe.com

mgyoe.com

သူမ ထွက်ခွာသွားသည်ကို စောင့်ကြည့်နေခဲ့ဖို့ကောင်းသည်။ မေသင်းအောင်နှင့်ပတ်သက်၍ ထင်သလောက် မတင်းနိုင်ပါကလား။ ပျော့ညံ့စိတ်သည် အလိုလိုဝင်လာတတ်ပါသလားဟု တွေးမိလာသည်။

မေသင်းအောင်သည် ကျွန်တော့်ဘက်သို့ လှည့်လာသည်။ မျက်နှာကို စူးစိုက်ကြည့်သည်။

'မောင့်မှာ သင်းကို ပြောစရာစကားတွေ ရှိနေတယ်'

'ဟုတ်တယ်'

'ဘာတွေလဲဟင်'

'အများကြီးပါပဲ။ အဲဒီအထဲက တစ်ခုကို ပြောပြမယ်။ သင်းပြောခဲ့သလိုပါပဲ။ သင်းကို မောင်မေ့နိုင်အောင် ကြိုးစားတယ်။ မုန်းနိုင်အောင် ကြိုးစားတယ်။ ဒီသဘောနဲ့ သင်းနဲ့ဝေးရာကို ပြေးခဲ့တာပါပဲ။ ဒါပေမယ့် အခုထိ မေ့လို့လည်း မရသေးဘူး။ မုန်းလို့လည်း မရသေးဘူး။ အမှန်တော့ မေ့ဖို့မုန်းဖို့အကြောင်းအရာတွေ ရင်ထဲမှာရှိနေတာကိုက မေ့လို့မုန်းလို့ မရနိုင်ဘူးဆိုတာကို ဖော်ပြနေတာပဲ သင်း'

မေသင်းအောင်သည် ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။ သူမ၏မျက်နှာကို အိုစာသွားသလို ဖြစ်သည်။ ပိုမိုနွမ်းနယ်ညှိုးငယ်သွားသည်။

'သင်းအတွက် မောင်ဒီအထိ ခံစားနေရတယ်ဆိုတာ သိရတော့ စိတ်မကောင်းပါဘူး။ ဒါပေမယ့် စိတ်ချပါမောင်။ ဒီတစ်ခါ သင်းရဲ့အလှည့်ပါ။ သင်းကပြေးရမယ့်အလှည့် မကြာခင်ရောက်လာတော့မှာပါ'

'သင်း ဘာကိုဆိုလိုတာလဲ ဟင်'

မေသင်းအောင်သည် ကျွန်တော့်အမေးကို အဖြေမပေးမိ သက်ပြင်းရှိုက်လိုက်သည်။

mgyoe.com

mgyoe.com


'သင်း မန္တလေးကို ပြောင်းခွင့်ရပြီ။ တရားဝင်စာတော့ မရသေးပါဘူး။ ဒါပေမယ့် သတင်းကြားရတာ။ သင်းမှာ အစကတည်းက အဲဒီကို ပြေးဖို့ စီစဉ်ပြီးသားပါမောင်ရယ်။ အရာရာကို စွန့်လွှတ်ပြီးပြေးမယ်လို့ စိတ်ကူးပြီးသားပါ။ သင်းသွားရမယ့်လမ်းကို ကိုယ့်ဘာသာ ရွေးချယ်ပြီးသားပါ။ ဟိုတုန်းက တွေဝေမှုတွေ ရှိနေသေးတယ်။ နောက်ဆံတင်းနေမိသေးတယ်။ အခုတော့ သင်းမှာ ပြေးဖို့လုံလောက်တဲ့အကြောင်းတွေ ပိုပြီးရှိလာပြီ မဟုတ်လား'

'ဘယ်တော့လောက် ပြောင်းရမှာလဲဟင်'

'ဒါကိုတော့ တရားဝင်စာရမှ သိရမှာပေါ့'

မေသင်းအောင်နှင့် ကျွန်တော်တို့အတွက် အချိန်အနည်းအပါးသာရှိတော့သည်ကို သတိပြုမိသည်။ နည်းပါးသော အချိန်ကလေးအတွင်း ပြန်လည်တွေ့ဆုံရခြင်းမျိုးသာ ဖြစ်လိမ့်မည် ထင်သည်။ ယခင်ကတော့ တားခဲ့ဖူးပါသည်။ ယခုမူ တားဆီးခြင်း မပြုမိ၊ တား၍လည်း ဖြစ်နိုင်တော့မည်မထင်။

'သင်း ပြန်ဖို့သင့်ပြီထင်တယ်' မေသင်းအောင်က လက်မှနာရီကို ငုံ့ကြည့်ရင်းဆိုသည်။ တဆက်တည်းပြောသည်။ 'အခု သင်း အဒေါ်တစ်ယောက်အိမ်ကို ပြောင်းနေတယ်။ သူတို့က သိပ်စည်းကမ်းကြီးတယ်။ ထမင်းစားရင်လည်းအချိန်နဲ့ အိပ်ရင်လည်း အချိန်နဲ့။ အိမ်သားတစ်ယောက်ယောက် ထမင်းစားချိန်မှာ အိမ်ပြန်မရောက်ဘူးဆိုရင် ထမင်းဝိုင်းပြင်ပြီး ထိုင်စောင့်နေတတ်ကြတယ်။ အိပ်ချိန်မှာလည်း ဒီအတိုင်းပဲ။ မအိပ်ဘဲ စောင့်နေတတ်ကြတယ်'

'မောင့်အတွက် တစ်နာရီလောက်တောင် အချိန်မပေးနိုင်တော့ဘူးလားဟင်'

'တစ်နာရီ' မေသင်းအောင်သည် နာရီကို ပြန်ငုံ့ကြည့်ရင်း စဉ်းစား

mgyoe.com

mgyoe.com


သလို မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်လုပ်သည်။ နောက်မှ ဆုံးဖြတ်ချက်ချလိုက်သလို ဆိုသည်။ 'ကောင်းပြီလေ။ သင်း မောင့်အိမ်မှာ နောက်ထပ် တစ်နာရီနေမယ်။ ကျေနပ်ပြီလား'

ကျွန်တော်က မေသင်းအောင်ကို ကျေနပ်ကြောင်း ခေါင်းညိတ်ပြလိုက်သည်။

'သင်းအတွက် ကော်ဖီဖျော်ပေးမယ်'

ခါတိုင်းကလိုပင် ကော်ဖီခါးခါးကျကျ အချိုပေါ့ပေါ့ ဖျော်သည်။ ကော်ဖီခွက်ကို အလယ်တွင်ချကာ ကျွန်တော်နှင့် မေသင်းအောင်တို့ မျက်နှာချင်းဆိုင် ထိုင်ကြသည်။ သည်မှာ ကျွန်တော်သည် ကျွန်တော်နေထိုင်လျက်ရှိသော အခန်း၏ရာဇဝင်ကို ပြောပြပါသည်။ မေသင်းအောင်က စိတ်ဝင်တစား နားထောင်သည်။

'ညီညီပြောသော ပုံပြင်ဆိုတာ ဒါပေါ့' ဟု အဆုံးသတ်တွင် ကျွန်တော်က အရွှန်းဖောက်လိုက်သည်။ သို့တိုင်အောင် ကျွန်တော့်စကားကို မေသင်းအောင် ရယ်မောမပစ်ခဲ့ပါ။ လှောင်ပြောင်ခြင်း မပြုခဲ့ပါ။ သူမမျက်နှာမှာ ပိုမိုညှိုးလျလာသည်။

'သင်းမှာလည်း ပြောစရာတွေရှိတယ်မောင်။ အဲဒါကတော့ မမရဲ့ဒိုင်ယာရီစာအုပ်အကြောင်းပဲ'

မေသင်းအောင်၏စကားကို ကျွန်တော် စိတ်ဝင်စားသည်။

'ဘာတွေရေးထားသလဲဆိုတော့ သူနဲ့တင့်ဝေအကြောင်းပဲ။ မမဟာ ဒိုင်ယာရီရေးလေ့ရှိတယ်။ ဒိုင်ယာရီကိုလည်း ဘယ်သူမှမမြင်ရအောင် သိုသိုသိပ်သိပ် ဝှက်ထားတယ်။ ဒိုင်ယာရီမှာ အတော်စုံစုံစေ့စေ့ ရေးထားတယ်။ မမဟာ တင့်ဝေနဲ့ရှေ့ပိုင်းက ဖြစ်ခဲ့တာမှန်ပေမယ့် နောက်ပိုင်းမှာ ခွာဖို့ကြိုးစားခဲ့တယ်ဆိုတာ သိရတယ်'

မေနှင်းအောင်၊ တင့်ဝေစသူတို့အကြောင်းကို ကြားရခြင်းအတွက်

mgyoe.com

mgyoe.com


စိတ်မကောင်းနိုင်အောင် ဖြစ်ရသည်။ ကျွန်တော်နှင့် မေသင်းအောင်တို့၏ပြဿနာ အရင်းခံမှာ သူတို့ထံမှ ကူးလူးလာခြင်းဖြစ်ကြောင်း တွေးမိသည်။ သူတို့ထံမှ ကူးစက်လာသော ပြဿနာဖြစ်ကြောင်း ရိပ်စားလာမိသည်။

ကျွန်တော်က တင့်ဝေနှင့် ကြုံဆုံခဲ့ကြောင်း ပြောပြလိုက်သည်။ စင်စစ်သူ့ကြောင့်ပင် ရန်ကုန်မှ ထွက်ခွာခဲ့ရကြောင်း မေသင်းအောင်ကို အသိပေးလိုက်သည်။

'သူဟာ သင်းတို့ဘဝကို ဘယ်အထိနှောင့်ယှက် ဖျက်ဆီးနေဦးမယ် မပြောတတ်ဘူး'

မေသင်းအောင် ညည်းသည်။

နာရီဝက်မျှသောအချိန်သည် လျင်မြန်စွာ ကုန်ဆုံးသွားသည်။ သည်အတွင်း မေသင်းအောင်နှင့် ကျွန်တော်တို့သည် နာရီလက်တံများဆီသို့ စိတ်ရောက်ရောက်သွားသည်။ စကားပြောရသည်မှာပင် နောက်ကြောင်းမလုံသလိုဖြစ်လာသည်။ စိတ်မှာမတင် စနိုးစနောင့်နှင့်။ နောက်ထပ် ဆယ့်ငါးမိနစ်ကုန်လွန်သွားသည်။ ကျွန်တော်နှင့် မေသင်းအောင်တို့၌ အချိန် ဆယ့်ငါးမိနစ်မျှသာ ကျန်ရှိတော့သည်။

သည်အခိုက်မှာပင် မိုးသည် ဖြုန်းစားကြီးဆိုသလို ရွာလာသည်။ ရန်ကုန်မိုးသည် မညီဘဲနှင့်လည်း ရွာချင်ရွာတတ်သည်။ မမဲဘဲနှင့်လည်း သည်းချင်သည်းတတ်သည်။ ယခုလည်း မည်သို့သော အရိပ်အယောင်ကိုမျှမပြဘဲ ရွာချခဲ့ခြင်း ဖြစ်ပါသည်။ စောစောက အသံဗလံများဖြင့် ဆူညံစည်ကားနေသောလမ်းမှာ တိတ်ဆိတ်သွားသည်။ လူသူကင်းရှင်းသွားသည်။

ဆယ့်ငါးမိနစ်မျှသော အချိန်ကုန်ဆုံးသည့်တိုင် မိုးမတိတ်ခဲ့။ မိုးရွာလိုက်သည့်အတွက် မေသင်းအောင်သည် အတော်ကြီး စိတ်ပျက်လက်

mgyoe.com

mgyoe.com


ပျက်ဖြစ်သွားပုံရသည်။ သို့ရာတွင် သူမက ကတိအတိုင်း တစ်နာရီမျှ နေခဲ့ပြီဖြစ်သဖြင့် ပြန်စကားပြောသည်။

'မောင်အနေနဲ့ မတားပါဘူး။ ဒါပေမယ့် မိုးကတော့ သင်းကို မောင့်အိမ်က မပြန်စေချင်သေးဘူးနဲ့ တူပါရဲ့'

ကျွန်တော်သည် မေသင်းအောင် ထွက်ခွာသွားမည်ကို မလိုလားနိုင်သလို ဆိုမိသည်။

တကယ်ပင် မိုးက ပို၍သည်းလာသည်။ လေပါ ပါလာသည်။

'မိုးရွာတာက ကိစ္စမရှိပါဘူး။ မော်တော်ကားမှန်က ရေသုတ်တံကလေးပျက်နေတာ ဆိုးတာပါ'

ထိုစကားကိုကြားရလေမှ မိုးရွာလာသည့်အတွက် မေသင်းအောင် စိတ်ပျက်လက်ပျက်ဖြစ်ရသည့်အကြောင်းရင်းကို ရိပ်စားမိသည်။

'နောက်ထပ် ဆယ်မိနစ်လောက် စောင့်ကြည့်ဦးမယ်။ ဒီအတွင်း မိုးတိတ်ချင် တိတ်မှာပါ။ မတိတ်ရင်လည်း ဒီအတိုင်းပြန်ရမှာပဲ'

ကျွန်တော်က သူမကို ဆက်လက်တားဆီးခြင်း မပြုတော့။ တိပ်ရီကော်ဒါရှိရာသို့ လာခဲ့သည်။ တိပ်ကြိုးခွေတစ်ခွေကို ရွေးချယ်ယူငင်လိုက်သည်။ သီချင်းတစ်ပုဒ်ကို ဖွင့်လိုက်သည်။

သီချင်းမှာ 'မိုးရေထဲကို ထွက်မသွားနဲ့ကွယ်' ဟုအမည်ပေးရမည့် တေးတစ်ပုဒ်ဖြစ်သည်။ Don't Go Out Into The Rain.

'မိုးရွာထဲကို ထွက်မသွားနဲ့ကွယ်၊ ချိုသဲကို စိုရွှဲကုန်လိမ့်မယ်။ မီးပုံဘေးမှာ လာထိုင်ပါလား အချစ်ရယ်' စသည် သီချင်းကို ကျွန်တော်နှင့်မေသင်းအောင်တို့အတွက် တမင်ရည်ရွယ်ပြီး စပ်ထားသလို အဓိပ္ပာယ်ပေါက်နေသည်။

Please take your shoes off
And make yourself comftable

mgyoe.com

 mgyoe.com 

The weather's miserable
And you're so kissable.

သီချင်း၏ ဒုတိယအပိုဒ်သို့အရောက်မှာပင် မေသင်းအောင် ကျွန်တော့် အနီးသို့ရောက်လာသည်။ သူမရောက်လာသည်ကို လှည့်မကြည့်ဘဲနှင့် သိသည်။ ပျံ့မွှေးသောရနံ့က သိသာစေသည်။ သူမသည် ကျွန်တော့်ကျောနောက်မှာ ရပ်နေသည်။ အသားချင်းထိကပ်မိသည်။ ပူနွေးသော ကိုယ်ငွေ့ကိုခံစားရသည် ကျောဘက်မှနေ၍ သိုင်းဖက်လာခြင်းကို ခံစားရသည်။ ကျွန်တော်က သူ၏လက်ဖမိုးကိုအပေါ်မှာ ဆုပ်ကိုင်လိုက်သည်။

တေးသံက ပျံ့လွင့်ဆဲ။

It's gettin' late, why don't you wait
It's after one, we'd just be-gun
She's got to go, no, no, no,
Please don't go... go... go...

မေသင်းအောင်သည် ကျွန်တော်ပခုံးကို ပါးဖြင့် ပွတ်နေသည်။ သူမဘက်သို့ စောင်းငဲ့ကြည့်မိသည်။ ယခုအခါ သူမ၏ မျက်နှာကလေးမှာ ရွှင်ပျနေသည်။ မျက်ဝန်းကလေးများက တောက်ပကြည်လင်နေသည်။ နှုတ်ခမ်းမှာ ပန်းပွင့်ကလေးနှယ် ပွင့်လန်းနေသည်။

သီချင်းဆုံးသောအခါ တိပ်ရီကော်ဒါကို ပိတ်လိုက်သည်။ ကျွန်တော်သည် မေသင်းအောင်ဘက်သို့ လှည့်လိုက်သည်။ ခါးမှနေ၍ ဖက်ကာ ရင်ချင်းအပ်ထားလိုက်သည်။

'သူ သိပ်ညဏ်များတာပဲ'

မေသင်းအောင်က အနီးသို့ကပ်ကာ တိုးတိုးကလေး ပြောသည်။

'မောင် ဘာများလုပ်မိလို့လဲ'

mgyoe.com

'သင်းကို မသွားနိုင်အောင် သီချင်းကတစ်ဆင့် ဆွဲထားတာပေါ့လေ'

'ယူသော် ရစကောင်းပါတယ် သင်း'

'ဒီည ဒေါ်ဒေါ် ထမင်းငတ်နေလိမ့်မယ်။ သူ သင်းကို စောင့်နေမှာသေချာတယ်'

'ငတ်ပေစေပေါ့'

'လူကြီးကို ဒီလိုမညှဉ်းဆဲကောင်းဘူး။ ငရဲကြီးတတ်တယ်'

'ကြီးပေစေပေါ့'

'အဝိစိမှာ ချိုးကပ်နေမှာ မကြောက်ဘူးလား ဟင်'

'မကြောက်ပါဘူး။ သင်း ပြန်သွားမှာကိုသာ ကြောက်တာ'

မေသင်းအောင်က ကျွန်တော့်စကားကို ရယ်မောပစ်လိုက်သည်။ သည်ရယ်သံမျိုးကို မကြားရသည်မှာ ကြာပြီ။ သည်အခန်းငယ်တွင် သည်သို့သော ဆွတ်ပျံ့ဖွယ်အသံတို့ ညံစီခြင်း မရှိသည်မှာ ကြာခဲ့ပြီ။ မေသင်းအောင်သည် ငွေဆည်းလည်း လှုပ်ခတ်သံကဲ့သို့သော အသံဖြင့် ရယ်မောခြင်း မပြုခဲ့သည်မှာ ကြာပြီဟုပင် ထင်ပါသည်။

လွင်လွင်လှလှအသံကလေးကို ကြားရသောအခါ နားမှာ ချိုမြနေသည်။ ရင်မှာ တငြိမ့်ငြိမ့်တသိမ့်သိမ့် ဖြစ်လာရသည်။ တကယ်တော့လည်း သည်အဖြစ်ကိုသာလျှင် အစဉ်တောင့်တခဲ့သည်။ သည်အဖြစ်ကိုပင် ထာဝရမျှော်လင့်သည်က တခြား၊ ဖြစ်ပျက်ကြုံဆုံရသည်တခြား ဖြစ်နေခဲ့သည်။ ကံကြမ္မာသည်လှတော့ကား လှပါ၏။ သို့ရာတွင် ရိုင်းစိုင်းကြမ်းတမ်းလွန်းလှသည်။ မစင်ကြယ်သောအလှူကို ပြုဖူးသူအတွက် အကျိုးကား ပေး၏။ သို့တိုင် အကျိုးပေးသည် ထုံ့ပိုင်းထုံ့ပိုင်းနိုင်တတ်သည်ပင် လောကုတ္တရာစာများ၌ ဖတ်ဖူးသည်။ ရွှေခွက်ပင် စစ်မှန်ပေသော်ငြား အပွန်းအပဲ့ မကင်းတတ်ဟု ဆိုသည်။ ကျွန်တော်နှင့် မေ

mgyoe.com

သင်းအောင်တို့၏ အချစ်ကြမ္မာသည် သည်သို့သာလျှင်ဖြစ်လိမ့်မည် ထင်ရပါသည်။ နဖူးစာပါသည်မှန်သော်လည်း မင်ရည်ကား ကျဲပါဘိ။

ဤသည်ကို နောက်တစ်နေ့၌ ပိုမိုထင်ရှားစွာ တွေ့မြင်ရသည်။ ပိုမိုနက်ရှိုင်းစွာ ထိတွေ့ခဲ့ရသည်။

ညက မိုးတော်တော်နှင့်မတိတ်ခဲ့။ မိုးသည် သည်းသည်ထက် သည်းခဲ့သည်။ ကျွန်တော်တို့သည် ထွေးနွေးသော အိပ်ရာထက်မှာ အတူ ရှိကြသည်။ ချစ်တုံ့လှယ်ကြသည်။ ရယ်မောရွှင်ပျကြသည်လည်း ရှိသည်။ ကြည်နူးဆွတ်ပျံ့ကြရသည်လည်း ရှိသည်။

မိုးသည် သန်းခေါင်ကျော်မှပင် တိတ်ခဲ့ပုံရသည်။ မည်သည့်အချိန်က မိုးတိတ်ခဲ့သည်ကို ကျွန်တော် မသိ။ ထိုနည်းတူ မေသင်းအောင် မည်သည့်အချိန်က ကျွန်တော့်ရင်ခွင်မှ ထသွားခဲ့သည်လည်း ကျွန်တော် မသိ။

အိပ်ရာမှ နိုးချိန်တွင်ပင် အိပ်ရာထဲ၌ စမ်းသပ်ရှာဖွေမိသည်။ မေသင်းအောင်ကို မတွေ့ရ။ အိမ်အတွင်းမှာလည်း မရှိ။ အိမ်အောက်မှာလည်း သူမ၏ မော်တော်ကား ရှိမနေတော့။

မိုးစဲခဲ့ပြီ။ မိုးရေဖြင့် ဆေးကြောခြင်း ခံထားရသော လမ်းမှာ သန့်စင်နေသည်။ ဝန်းကျင်သည် သစ်လွင်တောက်ပနေသည်။

မေသင်းအောင်၏ကိုယ်စား စာရွက်ကလေးတစ်ရွက်က စားပွဲပေါ်မှနေကာ ကျွန်တော်ကို အိပ်ရာထ နှုတ်ခွန်းဆက်သည်။ စာရွက်တွင် မေသင်းအောင်၏လက်ရေးကို တွေ့ရသည်။

မောင်

ရီကော်ဒါဖွင့်ကြည့်ပါ။

သင်း

ညက ကျွန်တော်သည် မေသင်းအောင်ကို သီချင်းဖြင့် ဆွဲဆောင်

mgyoe.com

တားဆီးခဲ့သည်။ နံနက်ကျတော့ မေသင်းအောင်က ကျွန်တော့်ကို သီချင်းဖြင့်ပင် နှုတ်ဆက်ခဲ့ပုံရသည်။ ရီကော်ဒါတွင် တိတ်ခွေကို အသင့် တပ်ထားသည်။

ကျွန်တော်သည် သီချင်းကို ဖွင့်ကြည့်သည်။ သီချင်းက ကြေကွဲ ဖွယ်သော နှုတ်ဆက်သီချင်း။

Please don't wake me up too late
To-mrrow comes
And I will not be late
Late today when it become
To-morrow I will leave to go away
Good bye... Good bye... Good bye...

မေသင်းအောင်၏ နှုတ်ဆက်ပုံကလေးကို နှစ်ခြိုက်ရသည်။ သည် သို့ပြုမူတတ်သည့်အတွက်လည်း ကျေနပ်ရခြင်း များစွာရှိသည်။ မေ သင်းအောင်သည် ခံစားတတ်သည်။ တုံ့ပြန်တတ်သော သဘောလည်း ရှိသည်။ စစ်စစ် မြတ်နိုးဖွယ်ကောင်းသော မိန်းကလေးတစ်ယောက် ဖြစ်သည် ဆိုခြင်းကို သဘောပေါက်ရသည်။

ကာမဘုံသား ဆုံလည်နွားသို့ဟူသောစကားကို ကြားဖူးပါသည်။ ဆုံလည်နွားဟူသည် ထမ်းပိုးကိုထမ်းကာ တစ်နေရာတည်းတွင်ပင် တရစ် ဝဲဝဲလှည့်ပတ်ရသည်။ ချည်တိုင်ခင်သော နွားတို့သည် အိပ်ချိန်တန်က ချည်တိုင်သို့ မရောက်ရောက်အောင် ပြန်တတ်မြဲဖြစ်သည်။

ယင်းသဘောကိုပင် ဆိုရတော့မည် ထင်သည်။ အဘယ်မျှမုန်း မည်မေ့မည်ကြံပါသော်လည်း မေသင်းအောင်နှင့်ပတ်သက်၍ မအောင် မြင်။ အမုန်းနှင့်အမေ့ကို မေသင်းအောင်က ချေဖျက်နိုင်စွမ်း ရှိသည်။ လှိုင်းသည် မာန်ဟုန်ပြင်းစွာဖြင့် ခြိမ်းခြောက်ရင်းကမ်းသို့ ပြေးလာသည်။

mgyoe.com

ကမ်းဘေးကျောက်ဆောင်နှင့် ရိုက်မိသည့်အခါ အစိတ်စိတ်အမြွာမြွာ ကွဲကြေဘိသကဲ့သို့ မေသင်းအောင်အပေါ်ထားရှိအပ်သော အမုန်းအမေ့ လှိုင်းဂယက်တို့သည်လည်း ကျေနပ်ဖွယ်သော တုံ့ပြန်မှုအောက်တွင် ပျောက်ပျက်လွင့်စဉ်ရသည်ချည်း ဖြစ်သည်။

မေသင်းအောင်။

သူမသည် ကျွန်တော့်အဖို့ ကဝေနှယ် မုန်းတီးဖွယ်ကောင်းသူလည်း ဖြစ်သည်။ ကဝေနှယ် တိမ်းမူးစေရန် ဖမ်းစားနိုင်စွမ်းရှိသူလည်း ဖြစ်ပြန်ချေသည်တကား။

*

mgyoe.com

mgyoe.com

# [ ၄ ]

သည်ကနေ့ စာဖောင်ပိတ်မည့်နေ့။

စာဖောင်ပိတ်သောနေ့သည် စာအုပ်ထုတ်ဝေသူအတွက်သော်လည်းကောင်း၊ စာရေးသူအတွက်သော်လည်းကောင်း၊ စာစီစက်ရိုက်စသော အလုပ်သမား ရဲဘော်များအတွက်သော်လည်းကောင်း ထူးခြားသော နေ့တစ်နေ့ ဖြစ်နေတတ်သည်။ စာဖောင်ပိတ်သည်ဆိုခြင်းမှာ စာအုပ်တစ်အုပ်ကို အဆုံးသတ် ပုံနှိပ်ပြီးစီးခြင်းကို ဆိုသည်။ စာအုပ်၏ နောက်ဆုံးစာမျက်နှာကို ပုံနှိပ်ပြီး စီးခြင်း အထိမ်းအမှတ်နေ့ဖြစ်သည်။

စာအုပ်တစ်အုပ်ပြီးစီးသွားခြင်းအတွက် စာရေးသူ တစ်ဦးတစ်ယောက်တည်းမှာသာ စိတ်လက်ပေါ့ပါးလွတ်လပ်သွားသည် မဟုတ်။ ထုတ်ဝေသူ၊ ပုံနှိပ်သူ၊ စာစီစက်ရိုက် စာပြင်ဘက်ဆိုင်ရာမှ ပုဂ္ဂိုလ်အားလုံးအတွက် စိတ်လက်ပေါ့ပါး လွတ်လပ်သွားရသည်။ အထူးသဖြင့် ကျွန်တော်ကဲ့သို့သော စာရေးသူတစ်ယောက်၏ဝတ္ထုကို ပုံနှိပ်ထုတ်ဝေသူများအဖို့ စာဖောင်ပိတ်သောနေ့မှာ မင်္ဂလာရှိသောနေ့တစ်နေ့ဟု ခေါ်ဆိုလောက်သည်။

mgyoe.com

mgyoe.com

အကြောင်းရှိပါသည်။ ကျွန်တော်သည် စာမူတစ်ခုကို အစမှသည် အဆုံးသို့တိုင် အပြီးအစီး ကြိုတင်ရေးထားလေ့ရှိသူတစ်ယောက် မဟုတ်။ ရေးရင်းစီရင်း ရိုက်နှိပ်ရင်းဖြင့် စာအုပ်တစ်အုပ်ကို အပြီးတိုင်ရသည်ချည်း ဖြစ်သည်။ စက်ရိုက်သံကြားမှ စာရေးသည်ဟု မိတ်ဆွေတချို့က ပြောကြသည်။ အမှန်ပင် ဖြစ်သည်။ ခေါင်းအုံးအိပ်ရမတတ်ထူထဲသော စာအုပ်ပင်ဖြစ်စေ ကျွန်တော်သည် အသံကျယ်လောင်သော စက်သံများအကြား၊ ဥဒဟိုဝင်ထွက်သွားလာနေသော ပုံနှိပ်တိုက်တစ်တိုက်၏ မိတ်ဆွေအပေါင်းအသင်းများအလယ်မှာပင် ရေးသားပြီးစီးသွားသည်မျိုးရှိခဲ့သည်။ သည်အလေ့အကျင့်သည် စာစရေးပြီဆိုကတည်းက ပါလာသည်။ မိမိကိုယ်တိုင်အတွက်သော်လည်းကောင်း၊ တစ်ပါးသူအတွက်သော်လည်းကောင်း အကျိုးကျေးဇူးမရှိသည်ကို သိလျက်နှင့်ပြင်၍ မရဘဲရှိခဲ့သည်။

ယခုလို စက္ကူကိစ္စ၊ ပုံနှိပ်လုပ်ငန်းကိစ္စ၊ ထုတ်ဝေသူမှတ်ပုံတင်ကိစ္စစသည်တို့နှင့်ပတ်သက်၍ အထိန်းအချုပ်မကင်းသော ရုံးပြင်ကန္နားဆိုင်ရာကိစ္စများထူပြောလှကာ အတိမ်းအစောင်း အပေါက်အကျမခံသောကာလတွင် ကျွန်တော်၏စာအုပ်တစ်အုပ်ကို ရိုက်နှိပ်ထုတ်ဝေမည့်သူမှာရင်တမမ ရှိရသည်။ စိုးရိမ်ပူပန်ခြင်း ဖြစ်ရသည်။

တစ်ခါတစ်ရံ အကြောင်းတစ်ခုခုကြောင့် ဝတ္ထုတစ်ပိုင်းတစနှင့်ပင် လေးငါးဆယ်ရက်အတွင်း စာတစ်မျက်နှာမျှရေးမရသော ကာလမျိုးရှိတတ်သည်။ ရံခါတွင်မူ လနှင့်ချီ၍ ကြာချင်လည်းကြာတတ်သည်ပင်။ ထိုကြောင့် ရောင်း၍စွံသည် မစွံသည်ထား၊ ပရိသတ်ကြိုက်သည် မကြိုက်သည်ထား စာအုပ်တစ်အုပ်ပြီးစီးသွားသည်ဆိုခြင်းမှာပင် အားလုံးအတွက် ကျေနပ်ဝမ်းမြောက်ဖွယ်ဖြစ်နေခဲ့ရသည်။

သို့ဖြင့် စာဖောင်ပိတ်သောနေ့မှာ ကျွန်တော်တို့သည် စုဝေးစား

mgyoe.com

သောက်ပွဲကလေးတစ်ပွဲကို ကျင်းပမြဲဖြစ်ခဲ့သည်။ ပမာဆိုရလျှင် တိုက်ပွဲ တစ်ပွဲ ပြီးစီးသည့်ကာလမှာ အောင်သေအောင်သား စားသောက်ကြသည့် ပမာပင်။

သည်ကနေ့တွင်လည်း ပုံနှိပ်တိုက်သို့ ရောက်နေသည်။ ညနေ လေးနာရီတွင် စာစီ၍ပြီးမည်။ ငါးနာရီ သို့မဟုတ် ခြောက်နာရီတွင် စာဖောင်သည် ပုံနှိပ်စက်ပေါ်သို့ရောက်မည်။ ည ရှစ်နာရီ သို့မဟုတ် ကိုးနာရီတွင် ရိုက်နှိပ်၍ ပြီးမည်။ တစ်ရက်နှစ်ရက်အကြာတွင် အဖုံးလှလှ နှင့် ရှုကြည့်ချင်စဖွယ် စာအုပ်ကလေးများဆိုင်ပေါ်မှနေ၍ စာဖတ်သူများ ကို စောင့်ကြိုနေကြပေလိမ့်မည်။

စောနိုင်သမျှ စောစေရန် အကျိတ်အနယ် ကြိုးစားနေကြချိန်တွင် ကျွန်တော်သည် စားပွဲမှာထိုင်၍ စာအပေါက်အကျများကို ပြင်ဆင်ပေး နေသည်။ သည်အခိုက် တယ်လီဖုန်းမြည်လာသည်။

လှလှအေးက 'ကိုညီညီအတွက်' ဆိုကာ စကားပြောခွက်ကို လှမ်း ပေးသည်။ ကျွန်တော်က လှမ်းယူကာ 'ညီညီပါ' ထူးလိုက်သည်။

'ဆရာ'

စကားပြော ကြေးနန်းတစ်ဖက်မှ ကြားလိုက်ရသော အသံအတွက် တစ်ကိုယ်လုံး တုန်လှုပ်သွားရမတတ်ရှိသည်။ အာရုံမှာ ဖျတ်ခနဲ နိုး ကြားလာသည်။ ဝမ်းသာမှု အရှိန်အဟုန်ကြောင့် တုန်တုန်ယင်ယင် ဖြစ် သွားရသည်။

'လယ်လယ်'

ကျွန်တော်သည် ယင်းအမည်ကို လှိုက်လှိုက်လှဲလှဲကြီး ခေါ်လိုက် မိသည်။ အသံသည် နှလုံးသားမှ ဖြတ်သန်းတိုးဝှေ့သွားသလို ဖြစ်သည်။

'ဆရာရယ်'

လယ်လယ်သည် မောဟိုက်နေသူတစ်ယောက်လို ဖြစ်သည်။

mgyoe.com

mgyoe.com

အသက်ကိုပြင်းပြစွာ ရှုရှိုက်နေသည်။ သူမသည်လည်း ကျွန်တော်ကဲ့သို့ပင် တုန်တုန်ယင်ယင်ဖြစ်နေလိမ့်မည် ထင်သည်။ ကျွန်တော်ကဲ့သို့ပင် ဝမ်းပန်းတသာဖြစ်နေရှာပေလိမ့်မည် အောက်မေ့သည်။

'ဆရာနဲ့မှ ဆိုက်ဆိုက်မြိုက်မြိုက် တိုးပါ့မလားလို့ ပူလိုက်ရတာ။ အခုလို ဆိုက်ဆိုက်မြိုက်မြိုက်တိုးတော့ ဝမ်းသာလိုက်တာ။ အစကတော့ စကားတွေ အများကြီးပြောမလို့ စိတ်ကူးထားတာ၊ အခုတော့ ဘယ်ကစပြောရမယ်မှန်းတောင် မသိတော့ဘူး ဆရာရယ်'

လယ်လယ်၏အသံသည် လှိုက်လှဲမှုဖြင့် တုန်နေသည်။

'ကိုယ့်အဖို့မှာလည်း ဒီလိုပါပဲ လယ်လယ်ရယ်။ လယ်လယ် ဘယ်ကပြောနေတာလဲ ဟင်'

'တင်မင်းရီတို့အိမ်က။ သူ့အိမ်ကို အလည်လာတာ။ အဲဒီလို အလည်လာနိုင်ဖို့ ဘယ်လောက်ကြိုးစားရတယ်ထင်သလဲ ဟင်။ ပြီးတော့ တယ်လီဖုန်းဆက်ဖို့ကိုလည်း ဘယ်လောက်ကြိုးပမ်းရတယ် ထင်သလဲ။ အိမ်မှာဆိုရင် လူတကာက လယ်လယ့် အရိပ်အခြည်ကိုပဲ စောင့်ကြည့်နေကြတယ်။ တယ်လီဖုန်းခွက်ကို ကိုင်ဖို့မပြောနဲ့ အဲဒီအနားသွားရင်ပဲ မသင်္ကာတဲ့ မျက်လုံးတွေနဲ့ လှမ်းကြည့်တတ်ကြတယ်ဆရာ။ လယ်လယ် အခုကျောင်းပြန်တက်နေတယ်။ ဒါပေမယ့် ဒရိုင်ဘာ ကိုပုကြီးက လယ်လယ့်သက်တော်စောင့်ပဲ။ တစ်နေ့လုံးကားတစ်စီးနဲ့ သစ်ပင်ရိပ် ကောင်းကောင်းကနေ အိပ်စောင့်နေတတ်တယ်ဆရာ။ လယ်လယ်အဖို့ ကျောင်းလေ့ကားဆင်းတာနဲ့ တစ်ပြိုင်နက် ကားပေါ်ကိုရောက်ရတော့တာပဲ'

လယ်လယ်၏ အခက်အခဲ အကျဉ်းအကျပ်များကို ကြားရသောအခါ စိတ်မကောင်းဖြစ်ရပြန်သည်။

'ဒီကနေ့ ပထမဆုံးအကြိမ်အဖြစ် အိမ်လည်ထွက်ခွင့်ရတယ်ဆရာ။ ဒါတောင် တင်မင်းရီတို့အိမ်တင်လာ ခွင့်ပြုတာ။ မေမေပါ ပါလာတယ်။

mgyoe.com

mgyoe.com


တင်မင်းရီတို့မေမေက စိန်နားကပ်အကြောင်းပြောတော့ အဘွားကြီး မနောခွေ့သွားတယ်။ ဝယ်ဖို့အနီးအနားက ပွဲစားအိမ်မှာ နားကပ်သွား ကြည့်ကြတယ်။ ဒီအတွင်းမှာ ဖုန်းဆက်ရတာ အချိန်သိပ်မရနိုင်ဘူး ထင်တယ်'

'ဒီကနေ့ဟာ ကိုယ့်အတွက် သိပ်ကိုထူးခြားတဲ့နေ့ပဲ လယ်လယ်'

'ဘာဖြစ်လို့လဲဟင်'

'ရေးလက်စ ဝတ္ထုပြီးသွားတယ်။ နောက်တော့ တစ်လအတွင်း မကြားခဲ့ရတဲ့ လယ်လယ်ရဲ့အသံကလေးကို ပထမဆုံးအကြိမ်အဖြစ် ကြားရတယ်'

'ဒါနဲ့ပဲ ဘာလို့ထူးခြားတဲ့နေ့လို့ ဆိုရတာလဲဟင်'

'ထူးခြားပါပြီကော လယ်လယ်ရယ်။ လယ်လယ် အသံကိုကြားရ ဖို့ဆိုတာကို ကမ္ဘာဦးသူတို့ နေနဲ့လကို မျှော်ကြရသလို မျှော်ခဲ့ရတာပါ'

'ကိုပိုကြီး၊ ပိုပြီ ထင်တယ်'

လယ်လယ်က ပြောရင်းမှ ရယ်နေသည်။ ကျွန်တော်သည် ရုတ် တရက် စကားမပြောမိဘဲ ရှိသည်။

'ဆရာ'

'ဟင်'

'လယ်လယ် ပြောတာကို စိတ်ဆိုးသွားသလားဟင်'

'ဘာကိုလဲ လယ်လယ်'

'ကိုပိုကြီးလို့ ဆိုလို့လေ။ ဆရာ့အပေါ် မယုံသင်္ကာ ဖြစ်ရာများ ကျသွားသလား'

'မဟုတ်ပါဘူး။ ကိုယ်စဉ်းစားနေတာပါ။ ကိုပိုဆိုတာ ကိုယ့်နာ မည်အရင်းဖြစ်နေပြီး အဲဒီနာမည်ကို လယ်လယ် သိနေတာအတွက် အံ့သြသွားလို့ပါ'

mgyoe.com

'ဆရာနာမည်အရင်းက တကယ် ကိုပိုလားဟင်'

'အပိုလို့လည်း ခေါ်ကြသေးတယ်။ ငယ်ငယ်တုန်းက ခေါ်ကြတာပါ။ တကယ်နာမည်က ပိုကာတဲ့။ အရင်က ဖဲထုပ်တွေမှာ ပိုကာရုပ်ကလေးတွေပါတတ်တယ် မဟုတ်လား။ တုတ်တုတ်ခဲခဲ ဖြူဖြူဝဝကလေးရုပ်ကလေးက ပိတုန်းကိုစီးနေတဲ့ ပုံကလေးလေ။ ကိုယ်ငယ်ငယ်က အဲဒီအရုပ်ကလေးလို ချစ်စရာကောင်းတာနဲ့ ပိုကာ ပိုကာလို့ခေါ်ရင်း နာမည်ရလာတာတဲ့။ ဒါပေမယ့် တချို့ကလည်း ပြောကြသေးတယ်။ ကိုယ့်ဖေဖေ ပိုကာဆွဲနေတုန်း မွေးတာမို့ ပိုကာလို့ ခေါ်တာတဲ့'

လယ်လယ်၏ရယ်သံကို ကြားရပြန်သည်။

'တကယ်အောက်မေ့လို့ နားထောင်နေတာ၊ ဆရာက သိပ်နောက်တာပဲ'

ကျွန်တော်သည် လယ်လယ်နှင့် ရောနှောရယ်မောမိသည်။

'ဆရာရယ်၊ သိပ်ပျော်တာပဲ။ လယ်လယ်ဖြင့် တစ်လလုံး အိမ်တွင်းပုန်းလုပ်နေရတာတွေ မေမေတို့ ဆူတာ ပူတာတွေကို မေ့သွားတာပဲ။ ဒါထက် ပြောစမ်းပါဦးဆရာ၊ လယ်လယ်နဲ့ ခွဲခွာခဲ့ရတဲ့နောက်ပိုင်း ဆရာ ဘာတွေဖြစ်ခဲ့တယ်။ ဘယ်လိုတွေ့ကြုံခဲ့ရတယ်ဆိုတာတွေ သိချင်တယ်'

'ကလောမှာ လယ်လယ် ကိုယ့်ကိုတစ်ယောက်တည်း ထားပစ်ခဲ့ပြီး ထွက်သွားတော့'

'ဆရာ့ကို လယ်လယ် ထားပစ်ခဲ့တာ မဟုတ်ပါဘူး ဆရာရယ်။ သူတို့က လာခေါ်သွားတာပါ'

'ဟုတ်ပါပြီ၊ လယ်လယ့်ကို သူတို့လာခေါ်သွားတော့ ကိုယ်တစ်ယောက်တည်းကျန်ခဲ့ရသည်။ မိုးရေသောက်ချုံးပြီး စိမ်းလန်းသာယာနေတဲ့ ကလောမြို့ရဲ့ရှုခင်းတွေဟာ နွေရာသီလို ရုတ်တရက် ပူပြင်းခြောက်

mgyoe.com

mgyoe.com

သွေ့တိတ်ဆိတ်သွားသလိုပဲကွယ် ကိုယ်ရင်ထဲမှာ ဟာပြီး ကျန်ရစ်တယ်'

'ဆရာ ဒါကြောင့် စာရေးဆရာဖြစ်တာ။ ဆရာတင်စားတာ သိပ်ကောင်းတာပဲ။ ပြောပါဦး၊ ပြီးတော့'

'အရာအားလုံးဟာ ဘာမှအဓိပ္ပာယ်မရှိသလိုပဲ။ အထီးကျန်ဆန်ခြင်းကို အခါခါခံစားဖူးပါတယ်။ လယ်လယ် ကိုယ့်ဆီက ထွက်သွားတာလောက် အထီးကျန်ဆန်တဲ့ ဝေဒနာပြင်းပြတာမျိုးတော့ တစ်ခါမှမကြုံခဲ့ရဘူး။ ကိုယ်လယ်လယ့်ကို ရှာပါသေးတယ်။ အဲဒီမှာ အယ်လ်ဖေးရှင်းခွေးတွေရယ်။ ပွိုင့်တူးတူး သေနတ်ကိုင်ပြီး ကိုယ့်ကို ဘုကြည့်ကြည့်နေတဲ့နွယ်နွယ့်ယောကျ်ားကိုလည်း တွေ့ခဲ့ရတယ်။ အမှန်တော့ အိမ်မှာအယ်လ်ဖေးရှင်းမွေးဖို့ မလိုလှပါဘူး။ အယ်လ်ဖေးရှင်းနဲ့ ကိုယ့်ကိုချောက်ဖို့ မလိုအပ်ပါဘူး။ သူကိုယ်တိုင်က အဲ့ဒီအကောင်တွေလို ကြောက်စရာကောင်းနေပြီးသားပါ'

ကျွန်တော်သည် ခဲအိုဆိုသူတို့အပေါ် လိုလားနှစ်သက်နိုင်ခြင်းနည်းပါးခဲ့သည်နှင့်အညီ ပုံကိုခပ်ရိုင်းရိုင်း ခိုင်းနှိုင်းလိုက်မိပါသည်။

'ပြီးတော့ကော'

'ပြီးတော့ ရန်ကုန်ကိုပြန်ခဲ့တာပါပဲ လယ်လယ်။ ကလောမှာဆက်နေလို့ ဘာမှာအကြောင်းမထူးတော့ဘူး မဟုတ်လား။ လယ်လယ်ကလည်း ကလောမှာ မရှိတော့ဘူး မဟုတ်လား'

'အခုတော့ကော'

'အခုတော့ ထုံးစံအတိုင်း ရန်ကုန်က ကိုယ့်ရဲ့တိုက်ခန်းကျဉ်းကလေးကို ပြန်ရောက်နေတာပေါ့။ စာရေးလိုက်၊ ရုပ်ရှင်ကြည့်လိုက်၊ သီချင်းနားထောင်လိုက်နဲ့ပဲပေါ့'

'ဒါပဲလား ဆရာ'

'ကိုယ့်နာမည်ရင်းက ကိုပိုပါ လယ်လယ်'

mgyoe.com

mgyoe.com

'ဆရာ ဘာကိုဆိုလိုတာလဲဟင်'

'ယုန်ပညာရှိက တောသို့ဝင်၊ ကျားကလျောင်အိမ်ထဲရောက်၊ မောင်ပိုက ရွာသို့ပြန်လေသတည်းဆိုတဲ့ ပုံပြင်ကို လယ်လယ် ကြားဖူးတယ် မဟုတ်လား'

'အင်း ကြားဖူးတယ်'

'ဒါကြောင့် ကိုယ့်နာမည်အရင်းက ကိုပိုပါလို့ပြောတာပါ'

'ဪ၊ သိပြီဆရာ၊ ဒုံရင်းဒုံရင်းအတိုင်း ပြန်ဖြစ်နေတယ်လို့ ဆိုလိုတာပေါ့နော်'

'ဒီထက် နည်းနည်းပိုပြီး ထူးခြားတာတော့ ရှိပါသေးတယ်'

'ဘာလဲဟင်'

'ကိုယ့်အသည်းနှလုံးမှာ ဒဏ်ရာအနာတရ ဖြစ်ခဲ့ရတယ်။ လွမ်းရတဲ့ဒဏ်ရာ၊ တမ်းတရတဲ့ဒဏ်ရာ။ အဲဒီဒဏ်ရာတွေကို လယ်လယ်ဆိုတဲ့ မိန်းကလေးတစ်ယောက်က ပေးခဲ့တာ'

ရယ်မောရွှင်ပျရခြင်းတို့ ပျောက်ကွယ်လွင့်စဉ်ရသည်။ ရုတ်တရက်မှာပင် နာကျင်ဆွေးမြည့်ဖွယ်သော အကြောင်းတို့ကို သတိရလာသည်။ ခက်ခဲကျဉ်းကျပ်ခြင်းတို့ကို အမှတ်ရလာသည်။ ကျွန်တော်တို့သည် အတန်ကြာသည်အထိ စကားမပြောနိုင်အောင် ရှိကြရသည်။

'ဆရာ'

'အတော်ကြီးကြာမှ လယ်လယ်၏ခေါ်သံကို ကြားရသည်။ ကျွန်တော်က ပြန်ထူးလိုက်သည်။

'လယ်လယ်နဲ့ပတ်သက်လို့ ဆရာဘာတွေ စဉ်းစားထားသလဲဟင်'

'ဟင်'

'ဒီပုံအတိုင်းဆိုရင် ဆရာ ဘာမှစဉ်းစားမထားဘူးဆိုတာ သေချာတယ်'

'စဉ်းစားပါတယ်'

mgyoe.com

mgyoe.com


'ဘာတွေလဲဟင်'

'လယ်လယ့်ကို ဘယ်လိုချစ်နေတာပါလိမ့်လို့။ ဘယ်လောက်များ များစားစားကြီး ချစ်နေမိပါလိမ့်လို့'

'ကိုပိုနော်။ စကားကောင်းပြောမလို့ပါ ဆရာ'

'ဆရာဆိုတဲ့ အသုံးအနှုန်းဟာ သူစိမ်းဆန်နေသလိုပဲ။ နောက်ပြီး အဲဒီလို အခေါ်ခံရရင် စိတ်ထဲမှာတစ်မျိုးပဲ'

'ဘာဖြစ်လို့လဲ ဆရာ'

'ဟော ခေါ်ပြန်ပြီ၊ ဆရာဆိုတော့ လယ်လယ်နဲ့ ကိုယ်တို့ဟာ ဆရာနဲ့တပည့်လိုဖြစ်နေတယ် မဟုတ်လား'

'ဟုတ်လည်း ဟုတ်နေတာပဲ မဟုတ်လား။ လယ်လယ်က ဆရာ့စာတွေဖတ်လာခဲ့ရတဲ့သူ။ ဆရာ့စာတွေထဲက သင်ခန်းစာတွေ ယူနေရတဲ့သူ။ အမှန်တော့ ဆရာဟာ လယ်လယ်ရဲ့ လက်ဦးဆရာဖြစ်နေပါသေးတယ်' လယ်လယ်ကပြောရင်း ရယ်နေသည်။

'ကိုယ်စာရေးတာ လူတွေကို သင်ခန်းစာပေးဖို့ မဟုတ်ပါဘူး။ ဆရာလုပ်ဖို့ မဟုတ်ပါဘူး။ အဲဒီလိုဖြစ်နိုင်လောက်အောင် ကိုယ်ဟာ ပညာရှိလည်း မဟုတ်ဘူး၊ ပဏ္ဍိတလည်း မဟုတ်ဘူး။ သာမန်လူထဲက လူတစ်ယောက်ပါ။ လူတွေဟာ ချိုးမွှမ်းစရာရှိရင် ချိုးမွှမ်းတတ်ကြတယ်။ ကဲ့ရဲ့စရာရှိရင် ကဲ့ရဲ့တတ်ကြတယ်။ ဒီသဘောပါပဲ။ တစ်ခါတစ်ခါ အသည်းနှလုံးထဲမှာ စိမ့်သွားရလောက်အောင် ဝမ်းမြောက်စရာတွေ့ရင် ချီးမွမ်းမိတာမျိုးရှိတယ်။ တစ်ခါတစ်ခါမှာတော့ အကာပြဲ့ပြဲ့ အနှစ်မဲ့တတ်တဲ့ လူတွေနဲ့ပတ်သက်လို့ သရော်လှောင်ပြောင်မိတတ်တယ်။ အမှန်တော့ ကိုယ်ဟာလူတွေရဲ့အကြောင်းကိုပဲ လူတွေကိုတစ်ဆင့် ဖောက်သည်ချနေရတဲ့ လူတစ်ယောက်ပါ။ ဒါပေမယ့် စာရေးဆရာမ ဒူမောရီးယားက ပြောဖူးသလိုပဲ။ အသက်သုံးဆယ်မကျော်ဘဲ စာရေးဖို့ မကြိုးစား

mgyoe.com

mgyoe.com


ချင်ပါနဲ့တဲ့။ တကယ်တော့ လူတွေရဲ့အကြောင်းကို လူတစ်ယောက်လို သိမြင်ခံစားတတ်ဖို့ လုံလောက်တဲ့အရွယ် အပိုင်းအခြားဆိုတာ အနှစ် သုံးဆယ်ဆိုတဲ့ကာလလောက်တော့ လိုအပ်သတဲ့။ ဒါကြောင့်ပဲ ထင်ပါရဲ့၊ ကနေ့အထိတော့ ကိုယ့်ကိုယ်ကိုယ် သိပ်ကျေနပ်လှတယ်လို့ မရှိသေးဘူး လယ်လယ်။ အသက်အရွယ်၊ အတွေ့အကြုံနဲ့၊ ခေတ်ကာလ အခြေအနေ အလျောက်ပြောင်းလဲလာရင်တော့ မပြောတတ်ဘူးပေါ့'

'ဒါပေမယ့် လယ်လယ့်မှာ ထင်နေတာတစ်ခုရှိပါသေးတယ်ဆရာ'

'ဘာလဲဟင်'

'ဆရာဟာ နှစ်ဆယ်ရာစုနှစ်ထဲမှာ မွေးဖွားလာတဲ့ လူတစ်ယောက်၊ နှစ်ဆယ်ရာစုရဲ့ ဖြစ်ပျက်ကြောင်းရာတွေကို မျက်ဝါးထင်ထင်မြင်တွေ့ နေရတဲ့ လူတစ်ယောက်၊ ဆရာ့မှာရှိတဲ့ အတတ်ပညာနဲ့ ထုံမွှမ်းပြီး ဒါတွေကို အလင်္ကာတန်ဆာဆင်ပြီး တင်ပြနေတယ် မဟုတ်လား။ ဒီ အတွက် အချည်းနှီးတော့ မဖြစ်တန်ကောင်းပါဘူးဆရာ။ တစ်နေ့မှာ ဆရာ့စာတွေက နှစ်ဆယ်ရာစုရဲ့ လူ့အလွှာတစ်ခုအကြောင်းပဲဖြစ်ဖြစ်၊ လူမျိုးတစ်မျိုးအကြောင်းပဲဖြစ်ဖြစ်၊ နောက်ဆုံး လူတစ်ယောက်အကြောင်း ပဲဖြစ်ဖြစ် ကြေးမုံရိပ်သွင်လို ထင်ဟပ်နေမှာ သေချာပါတယ် ဆရာ'

'ကျေးဇူးပါပဲ လယ်လယ်ရယ်။ လယ်လယ့်စကားအတွက် ကိုယ့် မှာ အားတက်စရာရှိလာပါတယ်။ လယ်လယ့်မှာ ဒီလိုယူဆတတ်တာ ကလေးတွေရှိနေတာ သိရတော့ ဝမ်းသာတယ်'

'ဆရာက လယ်လယ့်ကို သိပ်အထင်သေးခဲ့တယ် ထင်တယ်။ မြီးကောင်ပေါက် မနူးမနပ်ကလေးလို့ ထင်နေခဲ့ပုံရတယ်'

'အဲဒီလို မထင်ခဲ့မိရိုးတော့ အမှန်ပါ ကျောင်းအမ'

'အမှန်တော့ ဆရာ့အပေါ် စွဲလမ်းတယ်၊ တွယ်တာတယ်၊ မြတ်နိုး ခုံမင်တယ်ဆိုတာ လယ်လယ့်မှာလည်း လယ်လယ့်ဘာသာ ခံစားချက်

mgyoe.com

mgyoe.com


တွေ ရှိနေလို့ပါ။ စာရေးဆရာ ညီညီဆိုတဲ့ လူတစ်ယောက်ထက် ညီညီရဲ့ အရည်အချင်း အတွင်းသန္တာန်ကို မြတ်နိုးခဲ့တာပါဆရာ'

'တရားမင်ပြီးတော့မှ ပုဂ္ဂိုလ်ခင်ရတာ ဆိုပါတော့'

'ဆိုပါတော့ ဆရာ'

'ဆရာလို့ ခေါ်နေတုန်းပဲလား ကွယ်'

'ဒါတော့ နှုတ်ကျိုးနေတာကိုး၊ ဘယ်လိုခေါ်ရမလဲ ပြောပါဦး၊ ကဲ'

'တခြားချစ်သူတွေ ဘယ်လိုခေါ်ကြတယ်ဆိုတာ မသိဘူးလား ဟင်၊ ဒါကို လေ့လာမထားဘူးလား'

'ဒီ ဗဟုသုတလောက်တော့ ရှိတာပေါ့ဆရာရဲ့။ မောင်တို့၊ အကို တို့၊ ကိုကိုတို့၊ ဒါလင်တို့'

'အဲဒီအထဲက တစ်ခုခုနဲ့ ခေါ်လိုက်ရင် ပြီးတာပဲ မဟုတ်လား'

'ဆရာဆိုတဲ့ စကားလုံးကို ဖျောက်ပစ်လိုက်ဖို့ နှမြောနေတယ်'

'ဒါဖြင့် ဆရာကို တစ်ခုခုနဲ့တွဲ၊ ဥပမာ ဆရာမောင်ပေါ့'

ကျွန်တော့်စကားအတွက် လယ်လယ်သည် များစွာ သဘောကျ သွားသလို အသံကျယ်ကျယ်ဖြင့် ရယ်မောလိုက်သည်။

ကျွန်တော်က ကိုယ့်ဘာသာကိုယ် ပြန်ပြင်ရသည်။

'ဆရာမောင်ဆိုတော့လည်း မဖြစ်သေးပါဘူး။ ဆေးနီလုံး ဆေး နီမှုန့်နဲ့ ရောနေဦးမယ်။ အကိုမောင်။ အဲ–အဲဒါ ကောင်းတယ်။ ကိုယ်က လယ်လယ်ထက်လည်း အသက်ကြီးတယ်။ အကိုအရွယ်မျိုး။ မောင်ဆို တာက ချစ်စနိုးခေါ်တာ။ နောက်တစ်ခုက မောင်ဖွားဆိုတဲ့စကားရှိတယ်။ တစ်မိတည်းသားချင်းဆိုတဲ့ အဓိပ္ပာယ်။ မောင်နှမဆိုတဲ့ အဓိပ္ပာယ်'

'ထားပါဦး ဒါကို။ ကြာတော့လည်း ဆရာ ခေါ်စေချင်တဲ့ ဝေါဟာ ရတွေထဲက တစ်ခုမဟုတ် တစ်ခုနဲ့ ခေါ်ဖြစ်မှာပေါ့ဆရာ။ လယ်လယ်

mgyoe.com

mgyoe.com


စောစောက မေးတဲ့အမေးကို မဖြေသေးဘူးနော်'

'ဘာလဲဟင်'

'လယ်လယ်နဲ့ပတ်သက်လို့ ဘာတွေ စဉ်းစားထားသလဲဆိုတာလေ'

'ကိုယ်စဉ်းစားမိတာတွေ ပြောပြီးပြီကော'

'ဒါတွေ မဟုတ်သေးဘူးလေ။ ဒီ့ထက် နက်နက်ရှိုင်းရှိုင်းကိစ္စတွေကို ပြောတာ။ ဥပမာ ဆရာနဲ့ လယ်လယ်တို့ရဲ့ ဘဝရှေ့ရေးဆိုတာမျိုးတွေပေါ့'

လယ်လယ်၏အမေးမှာ မထင်မှတ်ခဲ့သော အမေးဖြစ်သည်။ ထို့ကြောင့် ရုတ်တရက် အဖြေမပေးတတ်ပဲ ရှိသည်။

လယ်လယ်ကပင် စကားဆက်ပါသည်။

'သေချာပါတယ်။ ဆရာ ဘာတစ်ခုမှ မစဉ်းစားဘူး မဟုတ်လား။ ဒီမှာဆရာ၊ ဆရာ လယ်လယ့်ကို တကယ်ချစ်ရဲ့လား ဟင်'

'မေးစရာ လိုသေးသလားကွယ်'

'လိုတယ်ဆရာ။ အမှန်ပြောရရင်တော့ ဆရာ့ကို လယ်လယ် အခုအချိန်ထိ မယုံသေးဘူး၊ စိတ်ချလက်ချ မရှိသေးဘူး'

ကျွန်တော်သည် သည်ဘက်မှနေ၍ တိတ်တခိုး သက်ပြင်းရှိုက်လိုက်မိသည်။ လယ်လယ်ပြောမည်ဆိုလျှင်လည်း ပြောချင်စရာဖြစ်နေပေလိမ့်မည်။ စစ်စစ် ကျွန်တော်ကိုယ်တိုင်အသိတို့ ဝေဝါးနေသည်။ တစ်စုံတစ်ခုအတွက် ခွဲခွဲခြားခြား ကွဲကွဲပြားပြား မတွေးတတ်နိုင်သေး။ ခိုင်မာတိကျသော သန္နိဋ္ဌာန်ကို မချနိုင်ခဲ့သေး။

'ထားပါတော့ဆရာ။ လယ်လယ်ကတော့ ဆရာ့ကို အရိပ်လိုလိုက်နေရမယ့်သူပါ။ ဆရာပြေးရင် ဆရာ့ကို အမီလိုက်ရမယ်။ ဆရာရပ်နေရင် လယ်လယ်ရပ်နေရမှာပဲ။ တစ်ခါက ပြောခဲ့ဖူးသလို ပြောချင်ပါ

mgyoe.com

m gyoe.com

တယ်။ လယ်လယ့်အပေါ် ညှာတာပါဆရာ၊ စာနာပါဆရာ၊ လယ်လယ့်ကို သနားပါဆရာရယ်'

ကျွန်တော်သည် သက်ပြင်းရှိုက်ရင်းမှ ညည်းမိသည်။ 'လယ်လယ်ရယ်' ဟူ၍ ဖြစ်ပါသည်။

'ဟောဆရာ။ စကားပြောလို့ ကောင်းတုန်းရှိသေးတယ်။ မေမေပြန်လာပြီ။ ဒါပဲနော် ဆရာ'

လယ်လယ်သည် အလောသုံးဆယ် နှုတ်ဆက်စကားဆိုသည်။ စိတ်မှာ မချင့်မရဲဖြစ်ရသည်။

စကားပြောခွက်ကို ချထားမည်ပြုစဉ်မှာပင် လယ်လယ့်ထံမှ တိုးညင်းသောလေသံကလေးဖြင့် ပြောခဲ့သည့်စကားကို ကြားရသည်။

'ဆရာ့ကို ချစ်တယ်'

ထိုနောက် လယ်လယ်သည် စကားပြောခွက်ကို ချထားလိုက်ဟန်တူသည်။ ဘာသံမျှမကြားရတော့။ စကားပြောခွက်ကို ချထားရန် ဝန်လေးနေမိသလို ဆက်၍ကိုင်ထားမိသည်။ သည်တွင် ကျွန်တော်သည် မျက်ဝန်းတစ်စုံနှင့် အကြည့်ချင်းဆုံရသည်။ ဦးလင်းအောင်၏ မျက်လုံးများ။ စောစောပိုင်းက သူမရှိ။ စကားပြောနေဆဲ သူရောက်လာပုံရသည်။

. သူ၏မျက်လုံးများကို ကျွန်တော် မနှစ်ခြိုက်။

သံသယမကင်းသော မျက်လုံးများ၊ မယုံသင်္ကာမျက်လုံးများ။ မစ္ဆရိယလွှမ်းသော မျက်လုံးများ။

*

mgyoe.com